
# မြင့်မြတ်သော စာတော်များ

သင်ပြုကျွန်းအောင်သိန်း



mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

LE BOOK

# ပုံနှိပ်မှတ်တမ်း


ပထမအကြိမ် - မတ်လ၊ ၂၀၁၄ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - အလင်္ကာဝတ်ရည်ပုံနှိပ်တိုက်(၆၃၂၇)
အမှတ် (၁၃၅)၊ လုံးသွယ် (၁) လမ်း၊
၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်။
၀၉ ၄၄၈၀၁၆၂၃၂

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း - ကျော်ဖြူစုံ

တန်ဖိုး - ၂၈၀၀ ကျပ်

၈၉၅·၈၃

ဆင်ဖြူကျွန်းအောင်သိန်း
မြင့်မြတ်သော စာတော်များ / ဆင်ဖြူကျွန်းအောင်သိန်း။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်။
စာမျက်နှာ-၂၅၆၊ ၁၃×၂၀ စင်တီမီတာ။
(၁) မြင့်မြတ်သော စာတော်များ


mgyoe.com

mgyoe.com SAMPLE BOOK

# မြင့်မြတ်သော ဆရာတော်များ

ဆင်ဖြူကျွန်းအောင်သိန်း

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၆၅၈၀၊ ၀၉-၇၃၀၄၁၁၃၇
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com.
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | သူရဲငါးပါး ဥပမာ | ၇ |
| ၂။ | နှစ်ဖက်လှ ဥပမာ ဆုံးမစာများ | ၁၂ |
| ၃။ | အာနုဘော်ကြီးမားသော ရှေးရိုးပရိတ်တော် | ၂၁ |
| ၄။ | အလွန်ဆန်းကြယ်သော ပြိတ္တာများ | ၂၆ |
| ၅။ | တန်ခိုးကြီးသော မောရသုတ်ပရိတ်တော် | ၃၃ |
| ၆။ | သုံးပါးသရဏဂုံ | ၄၀ |
| ၇။ | အမွှေသုတ်လာ ဘုရားရှိခိုး | ၄၇ |
| ၈။ | မန္တန် ၁၅ မျိုး | ၅၃ |
| ၉။ | ဆင်ခြေများသည့် ပါယာသိမြို့စား | ၆၀ |
| ၁၀။ | သမာဓိ၏ အခြံအရံ ခုနစ်ပါး | ၆၈ |
| ၁၁။ | စိမ်းညှိခြင်း တစ်ဆယ့်လေးပါး | ၇၄ |
| ၁၂။ | ငရဲပယ်ကိုးခု | ၈၁ |
| ၁၃။ | နတ်ကို နတ်ပူးခြင်း | ၈၇ |
| ၁၄။ | ညီညွတ်ခြင်း၏ ကောင်းမှုအကျိုးပေး | ၉၂ |
| ၁၅။ | ပိုးစုန်းကြူးကို ငွေလမင်း ထင်သူ | ၉၉ |
| ၁၆။ | ခြသေ့်မင်းကို အန်တုသူ | ၁၀၀ |
| ၁၇။ | အထုပ်နှစ်ထုပ်သယ်သူဥပမာ | ၁၁၄ |


mgyoe.com

mgyoe.com SAMPLE BOOK

| | | |
|---|---|---|
| ၁၈။ | ဝေဿဝဏ်နတ် လျှောက်ထားသော ပရိတ်တော် | ၁၂၁ |
| ၁၉။ | အင်္ဂါလေးရပ်နှင့်လူ | ၁၂၉ |
| ၂၀။ | မဟာဗြဟ္မာကြီးအကြောင်း | ၁၃၅ |
| ၂၁။ | မိစ္ဆာဗြဟ္မာများ | ၁၄၂ |
| ၂၂။ | သိကြားမင်းနှင့် ကောသကာဝဏ္ဏနတ်သား | ၁၄၉ |
| ၂၃။ | နိဗ္ဗာနပစ္စယနာဂရာဇာ ဆင်ဖြူတော် | ၁၅၅ |
| ၂၄။ | နွားခြေရာနောက်သို့ လိုက်သော လှည်းဘီး | ၁၆၄ |
| ၂၅။ | ကာဏာရိဋ္ဌနှင့် နေသာဒ | ၁၇၂ |
| ၂၆။ | ခုနစ်နှစ်သား ရဟန္တာ | ၁၈၃ |
| ၂၇။ | အရှင်သောဘနနှင့် နတ် | ၁၉၀ |
| ၂၈။ | နားတောင်းမောင် | ၁၉၉ |
| ၂၉။ | အနှစ်သုံးဆယ်လုံးလုံး ရေမသုံးသူ | ၂၀၈ |
| ၃၀။ | ဟာရိတဗြဟ္မာကြီး ရောက်လာခြင်း | ၂၁၄ |
| ၃၁။ | ဘီလူးမနှင့် လူမတို့၏ ရန်ပွဲ | ၂၁၇ |
| ၃၂။ | ရန်မလိုက ရန်ငြိမ်းသည် | ၂၂၅ |
| ၃၃။ | ပဥ္စသိခနတ်သား | ၂၃၅ |

mgyoe.com

mgyoe.com SAMPLE BOOK

## သူရဲငါးပါး ဥပမာ

**ရှင်ကုမာရကဿပ၏ ဓမ္မရာသီပျို့**

မြန်မာနှစ် ၉၆၇ ခုနှစ်တွင် နန်းတက်သော အနောက်ဘက်လွန် မင်းတရား လက်ထက်၌ ပေါ်ပေါက်ခဲ့သော ပခန်းကြီး ရှင်ကုမာရကဿပ (၉၅၁ ခန့် - ၁၀၀၉ ခန့်) သည် ဓမ္မရာသီပျို့ကို ပြုစုတော်မူခဲ့၏။

ထိုပျို့တွင်-

(၁) ဗောဓိခန်း

(၂) ဗျာဒိတ်ခန်း

(၃) သဘာဝခန်း

(၄) ဓမ္မဒေသနာခန်း

(၅) ပညတ်ခန်း

(၆) ရာဇခံခန်း

(၇) ဗြာဟ္မဏခန်း

(၈) သေဋ္ဌေးခန်း

(၉) စက္ကခန်း

(၁၀) ရထားခန်း

(၁၁) သူဆင်းရဲခန်း နှင့်

(၁၂) ပုဂ္ဂိုလ်ခန်း

mgyoe.com

mgyoe.com  SAMPLE BOOK 

ဟူ၍ အခန်းပေါင်း (၁၂) ခန်း၊ အပိုဒ်ပေါင်း (၁၄၈) ပိုဒ် ပါရှိပေသည်။ 'ဒေဝခေါ်မှု၊ သမုတိက၊ ဥပပတ္တိ၊ ဝိသုဒ္ဓိဟု၊ မည်ရှိသုံးပါး၊ ထိုအပြားထက်၊ ခေါင်ဖျားမြတ်စွာ၊ ဒေဝါဓိဒေဝ၊ မည်တော်ရသား၊ သကျမြတ်နွယ်၊ စောဘုန်း ကြွယ်ကား…' အစချီသော 'ဓမ္မဒေသနာခန်း'တွင် အပိုဒ် (၂၉) မှ အပိုဒ် (၃၄) အထိ (၆) ပိုဒ် ပါရှိသည်။

အပိုဒ် (၂၉) တွင် မြတ်စွာဘုရား၏ ဝါဆိုစဉ်များကို ဖော်ပြပြီးနောက် ခုနစ်ဝါမြောက်တွင် 'နတ်ရွာကျော်ရှိန်၊ တာဝတိံသာ၊ မုနိန်ဘုန်းထွတ်၊ ဝါဆိုလတ်၍' ဟောကြားတော်မူခဲ့သော 'ဓမ္မသင်္ဂဏီ၊ အညီဝိဘင်္ဂ၊ ထိုမှတစ်စု၊ ဓာတုကထာ၊ တစ်ခါမည်ရ၊ ပုဂ္ဂလပညတ်၊ မည်မှတ်ထင်စွာ၊ ကထာဝတ္ထု၊ နှစ်စုစုံလှ၊ ယမကနှင့်၊ ဆဋ္ဌမည်မှန်း၊ ကျမ်းပဋ္ဌာန်းဟု၊ မော်ကွန်းတင်ထား ခုနစ်ပါး' အကြောင်းကို ခွဲခြား ပြသထားပေ၏။

အပိုဒ် (၃၀) တွင် အရွယ်သုံးပါးရှိ လူအများသည် သူတော်ကောင်းထံ ဆည်းကပ်ပုံ လေးမျိုးနှင့် တရားပြသ ဆိုဆုံးမသူ လေးမျိုးကို လည်းကောင်း၊ အပိုဒ် (၃၁) တွင် 'မိုးနှင့် သရက် အိုးနှင့် ကြွက်' တရားဟောသူ၏ ဟောပြောပုံနှင့် နှိုင်း၍ လည်းကောင်း ဖော်ပြ၏။

အပိုဒ် (၃၂) တွင် ရေတိမ်ရေနက် အဆိပ်လေးမျိုးနှင့် သစ်ခွံ သစ်ခေါက် ဥပမာကို လူတို့၏ သွင်ပြင် အကျင့်သိက္ခာနှင့် ယှဉ်၍ပြပြီးနောက် အပိုဒ် (၃၃) တွင် 'လေးပါးအပါယ်၊ ရောက်ကြောင်းသွယ်'သော အကျင့်များကို ရှောင်လွှဲနိုင်ခက်ကြပုံကို ပြသ၏။ ထိုကဲ့သို့ ရှောင်လွှဲကြသူများ၏ အတိမ်အနက် အလေး အပေါ့ကို သူရဲငါးပါးနှင့် ဥပမာပေးထားသည်။

**ထွက်ပြေးသော သူရဲလေးမျိုး**

သူရဲ ဟူသည်မှာ ရဲရင့်သောသူ၊ ရဲရင့်စွာ တိုက်ခိုက်သူဟု အဓိပ္ပာယ်ရှိပြား ဟန်ဆောင် ရဲရင့်သူ၊ အမှန်ရဲရင့်သူဟု ကွဲပြား၏။ ထိုသို့ ရဲရင့်ရာတွင်လည်း အတိုင်းအတာ တစ်ခုအထိသာ ရဲရင့်သူများလည်း ရှိ၏။

'အားကြီးဝမ်းထဲ၊ သံတွေခဲသို့၊ သူရဲငါးပါး၊ သရုပ်ပြား၏၊ ထွက်သွားအိမ်မှ၊ စစ်ချီစက၊ သံပရဲလို၊ ရဲတင်းဆိုလျက်၊ ကြီးဗိုလ်များစွာ၊ သူကလာ၍၊ ထက်မှာကောင်းကင်၊ မြူမှုန်မြင်သော်၊ လန့်ဖင်ကြောက်အေး၊ လယ်၍ပြေးခဲ့။

တစ်ရေးထို့ထက်၊ ရဲအားတက်လည်း၊ လျှပ်ပြက်သောဟန်၊ သူ့တန်းခွန်ကို၊ အမှန်မြင်က၊ ကြက်သီးထ၍၊ သေရမည်ထင်၊ ပြေးလေကျင်ခဲ့။

mgyoe.com

SAMPLE BOOK

သည်တွင်မျှသာ၊ ရဲတုံပါလည်း၊ သူ့မှာတိုက်စည်၊ တီးသည်မည်၊ အသံမိုးကြိုး၊ တံပိုးခရာ၊ သောသောညာက၊ သေရာဖွယ်လီ၊ ကြောက်လှဘိ၍၊ မချိတုံ့နေ၊ ပြေးရှာလေခဲ့။

ရဲထွေထောက်ထား၊ သည်သုံးပါးကို၊ ကြောက်အားမထင်၊ ရုပ်ပါကျင်လည်း၊ ကိုယ်တွင်တစ်စိ၊ ဓားလှံထိ၍၊ ထွက်ဘိသွေးပေါက်၊ မြင်လစ်မြောက်သော်၊ မကြောက်စတောင်း၊ စည်းစောင်းမငဲ့၊ ပြေးရှာခဲ့၏။

ပွဲပွဲခန့်ခေါင်၊ ထင်ရအောင်လျှင်၊ တည်ထောင်မကြောက်၊ သူတစ်ယောက်ကား၊ မီးပေါက်လေးမြား၊ လှံဓားရှုလျှက်၊ သွေးစက်စက်နှင့်၊ ကြောက်မက်ဖွယ်လီ၊ အနာထိလည်း၊ ရဲဘိစုတ်စုတ်၊ မဆုတ်မသွေ၊ ရှာဖွေကြိုးစား၊ ကြုံးဝါးရဲသံ၊ မရွံမရှောင်၊ ပွဲရအောင်လျှင်၊ ရင်ဘောင်ချဉ်းနိုင်၊ ရဲခေါင်တိုင်သည်၊ တုံ့ခိုင်မကြောက် မအေးတည်း။'

အိမ်မှ ထွက်လာစတွင်မှ 'သတ်လိုက်မဟ၊ ခုတ်လိုက်မဟ' ကြုံးဝါးလာငြား ရန်သူ့တပ် ချီတက်လာရာ လမ်းကြောင်းမှ ဖုန်ထောင်းထောင်းထသည်ကို မြင်ခါမျှဖြင့် ကြောက်လန့်ပြီး ထွက်ပြေးသူ။

ဖုန်မှုန့်ထသည်ကို မြင်ချိန်၌ မပြေးသေးသော်လည်း ရန်သူ့တပ်မှ ရဲတံခွန်၊ ရဲအလံများကို မြင်ချိန့်တွင်ကား သူရဲစိတ် မမွေးနိုင်တော့သူ။

ဖုန်ကို မြင်၍ မပြေးသေး၊ တံခွန်များ အလံများကို မြင်သော်လည်း မပြေးသေးငြား၊ ရန်သူ၏ တိုက်စည်တိုက်မောင်း တီးခတ်သံ၊ တံပိုးမှုတ်သံကြားချိန်တွင်ကား မတန့်မဆည်နိုင်ဘဲ ထွက်ပြေးသူ။

ဖော်ပြခဲ့ပြီးသော အချက် သုံးချက်တွင် မပြေးသေးပါ။ သို့ရာတွင် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်၍ သွေးကလေးစို့ရုံ၊ ထိခိုက်ရှခါမျှဖြင့် ထွက်ပြေးသူ။

မည်မျှပင် ထိခိုက်ရှနာစေကာမူ မဆုတ်၊ ကြုံးဝါးအော်ဟစ်လျက် အနိုင်ရသည်အထိ တိုက်သောသူရဲ။

ဤသို့ရှိသော သူရဲငါးမျိုးကို သီလပျက်ကြောင်းတရားတို့၏ သွေးဆောင်ဖြားယောင်းခံရသော ရဟန်းနှင့် နှိုင်းနှိုင်းထားသည်ကို အပိုဒ် (၃၄) ၌ တွေ့ရပါသည်။

### မိန်းမနှင့်တူသောရန်သူ

မကောင်းမှုတို့သည် ငါကား အကုသိုလ်တည်း၊ ငါကား ဒုစရိုက်မှုတည်းဟူ၍ ကြေညာပြီး မလာပါ။ လှပသော မိန်းမချော မိန်းမလှသဏ္ဌာန်ဖြင့်

mgyoe.com

ခြေသလုံးကလေး ဖော်ကာ၊ အပြုံးကလေး ဆင်ကာ၊ ရင်ကလေး ချီကာ လာ၏။ ကလူ၏၊ မြူ၏။ဤသည်တို့ကို မည်သူသည် မည်မျှအထိ ရှောင်နိုင်ပါသနည်း။

မြတ်စွာဘုရားသည် ရဟန်းတို့၏ သီလမြဲမြံမှုကို သူရဲငါးပါးနှင့် နှိုင်း၍ သီလပျက်ကြောင်း တရားများကို အပြစ်ခြောက်မျိုး ကင်းသည့် မိန်းမလှနှင့် နှိုင်းကာ ဟောတော်မူ၏။ ထိုမိန်းမသည် ခြောက်ပြစ်ကင်းစင် ရုံသာမက အလှငါးမျိုးလည်း စုပုံလျက်ရှိ၏။ ဦးသစ်ရွှေနှယ် ဝင်း၏။ နက်သော ဆံကို စုလည်းထုံးဖြင့် ပြုပြင်ထား၏။

ဤမိန်းမနှင့် သူရဲငါးပါးတို့ တွေ့ပုံကို–

'စစ်ကြီးတွေ့ခဲ၊ တိုက်သောပွဲနှိုက်၊ သူရဲငါးပါး၊ ထိုအပြားနှင့်၊ စံထား နှိုင်းသင့်၊ပုံတူချင့်၍၊ ဘုန်းရင့်ဦးစွန်း၊ လူ့ကြွင်နှန်းလျှင်၊ ရဟန်းတို့အား၊ ဟောတရား ကား။

ပို့ထွားဆင်းပြင်၊ ခြောက်ပြစ်စင်၍၊ ငါးအင်ပြည့်စုံ၊ လှမျိုးပုံလျက်၊ နီတုံစံနေ၊ဦးသစ်ရွှေသို့၊ ဆံခွေနက်မည်း၊ ထုံးစုလည်းနှင့်၊ လျကြည်းနွဲ့နှောင်း၊ လူ့အပေါင်းကို၊ ညွှတ်ပျောင်းစေအောင်၊ ဆင်ယင်ဆောင်လျက်၊ မိုက်မှောင်မနီး၊ ရောင်လျှံစီးသား၊ သမီးကညာ၊ မည်သည်မှာဟု၊ ရှိရာကြားက၊ စိတ်ဆုံးမလျက် သီလမြဲခိုင်၊ မစောင့်နိုင်၍၊ စစ်ဆိုင်သောခါ၊ မြူမြင်ကာကို၊ ကြောက်ရှာပြေး သွား၊ တစ်ပုံထား၏'

ဟူ၍ မိန်းမလှ၏ သတင်းကို ကြားခါမျှဖြင့် သီလ မစောင့်နိုင်သော ရဟန်းကို ဖုန်လုံး မြင်ခါမျှဖြင့် ထွက်ပြေးသော သူရဲနှင့် အတူပြု၏။

မာတုဂါမနှင့် ရင်ဆိုင်တွေ့မှ သီလပျက်သော ရဟန်းကိုကား ရန်သူ့ တံခွန်ဖျားမျှ အမြင်တွင် ပြေးသောသူရဲနှင့် နှိုင်းပုံမှာ–

'မျက်ဝါးထင်ထင်၊ လှဆင်းပြင်ကို၊ မြင်လတ်တုံဘိ၊ မချိတိမ်းညွှတ်၊ စိတ်ယွင်းချွတ်၍၊ ကြောက်တတ်လန့်ကြား၊ တန်းခွန်များကြောင့်၊ ပြေးသွား သည်နှင့်၊ နှစ်ပုံဆင့်၏' ဟူ၍ ဖြစ်ပေသည်။

တိုက်စည် တိုက်မောင်းသံ ကြားခါမျှဖြင့် ပြေးသောသူရဲ၊ အနည်းငယ် ရှုနာခါမျှဖြင့် ပြေးသောသူရဲနှင့် အောင်ပွဲရသည်အထိ မနစ်မဆုတ် တိုက်သော သူရဲတို့ကိုလည်း အောက်ပါအတိုင်း ဆက်လက်၍ တင်ပြထား၏။

mgyoe.com

mgyoe.com SAMPLE BOOK

'အသင့်ကြိုက်တွေ့၊ ပါးနီးနေ၍၊ သံခြေသာယာ၊ နှုတ်ပျူငှာနှင့်၊ မျက်နှာ ရွှင်ပြုံး၊ သူ့နှလုံးကို၊ ယူကျုံးသော့နှယ်၊ စကားသွယ်၍၊ ပြယာယ်ဖြားယောင်း၊ ရောယှက်ပေါင်းသော်၊ ညွှတ်ပျောင်းစိတ်ညွှတ်၊ မတည်တံ့သည့်၊ ညွှတ်ပျံ့ရှုတ၊ ယွင်းချွတ်ခွ၍၊ သူက တိုက်စည်၊ တံရှည်တံပိုး၊ ဟာစ်ကြိုးအသံ၊ မခံချေဝန့်၊ ကြောက်လန့်ပြေးရှောင်၊ ထုံးပုံဆောင်၏။

ထိအောင်ကြပ်ကြပ်၊ ကိုယ်ချင်းအပ်၍၊ လွှမ်းထပ်မျက်မှာ၊ ဖက်ယမ်း လာသော်၊ စိတ်မှာတုံ့စား၊ မတတ်အား၍၊ တွေပြားလက်နက်၊ ကိုယ်ထက်ထိကျ၊ စူးလေရှက၊ ထိတ်လလန့်ပြေး၊ လေးပုံသွေး၏။

ပိုက်တွေးရစ်ခြုံ၊ ဖက်ယမ်းတုံ၍၊ အယုံအကြည်၊ လှည့်ပတ်သည်ကို၊ ဆံခြည်တစ်တန်း၊ မတပ်စွန်းတည့်၊ ပုံညွှန်းနည်းပြ၊ သုနှရဟု၊ နာမတွင်ခေါ်၊ ထေရ်မြတ်ကျော်တို့၊ ရှုမျှော်တရား၊ တည်ထားဆောက်တည်၊ တို့ရှင်သည်လျှင်၊ သွေးရည်ဖပ်ဖပ်၊ မျက်နှာသပ်၍၊ စစ်ရပ်ပွဲဘောင်၊ ရန်ကိုအောင်သား၊ အခေါင် တိုင်ပြီး၊ သူရဲကြီးသို့၊ ပုံသီးငါးတန်၊ ရဟန်းမွန်ကို၊ စောင့်ဟန်နည်းယူ၊ ဟော တော်မူ၏။'

သူရဲငါးပါးနှင့် မိန်းမလှ ဥပမာသည် ရဟန်းတော်တို့အား ဟောကြား သော တရား ဖြစ်၏။ သို့ရာတွင် မကောင်းမှုတို့ကို ရှောင်ကြဉ်လိုသူတို့အတွက် မကောင်းမှုကို မိန်းမချော မိန်းမလှနှင့် ဥပမာထားကာ မကောင်းမှုကိုကြဉ်၍ ကောင်းမှုကို ဆောင်ပါက အကျိုးပွားများနိုင်ပေသည်။

လက်နက်တစ်စုံတစ်ရာ ကိုင်စွဲမထားသော မိန်းမကို ဓား၊ လှံ၊ လေး၊ မြား အပြည့်အစုံ စွဲကိုင်ထားသော ရန်သူတပ်ကြီးနှင့် ခိုင်းနှိုင်းထားပုံမှာ လေးနက်သည်နှင့်အမျှ တွေးလေလေ၊ စဉ်းစားလေလေ တရားသံဝေဂရဖွယ် ဖြစ်ပေတော့သည်။

*မြစ်မခမွေစာသဝဏ်၊ ၁၉၉၀၊ ဩဂုတ်*

□

mgyoe.com

mgyoe.com SAMPLE BOOK

# နှစ်ဖက်လှ ဥပမာ ဆုံးမစာများ

**မိုးလေးမျိုးဥပမာ**

ပခန်းကြီးမြို့ အရှင်ကုမာရကဿပသည် 'ရာဇာဓိရာဇာ၊ ဒေဝါဓိဒေဝါ၊ ဗြဟ္မာဓိဗြဟ္မာ၊ မဟာဂေါတမ မည်တော်ရလျက်' အစချီသော 'ဓမ္မရာသီပျို့'ကို ပြုစုတော်မူရာ မြန်မာနှစ် ၈၉၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်နေ့၌ ပြီးစီးသည်။ ထိုပျို့၌ အခန်းပေါင်း ၁၂ ခန်း ပါဝင်၍ နိဂုံးပိုဒ် အပါအဝင် အပိုဒ်ပေါင်း ၁၄၈ ပိုဒ် ပါဝင်သည်။

အခန်းပေါင်း ၁၂ ခန်း ရှိသည့်အနက် စတုတ္ထအခန်း 'ဒေဝခေါ်မူ သမုတိက ဥပပတ္တိ ဝိသုဒ္ဓိ'ဟုချီ 'ဓမ္မဒေသနာခန်း'ကို တင်ပြပါမည်။ ထိုအခန်း၏ ပထမပိုဒ်ဖြစ်သော အပိုဒ် ၂၉ တွင် မြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူသည်မှ အဘိဓမ္မာတရားတော်မြတ် ဟောကြားတော်မူသည့် ကာလအတွင်း တရားဟောခဲ့ပုံများ ပါရှိသည်။ အပိုဒ် ၃၁ တွင် အဘိဓမ္မာ ခုနစ်ကျမ်းပါ ပုဂ္ဂလပညတ်မှ ပုဂ္ဂိုလ်များကို ဖော်ပြလေသည်။ ထိုပုဂ္ဂိုလ်များမှာ တရားဟောပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။

အပိုဒ် ၃၁ တွင် သိသော်လည်း မဟောကြားသော ပုဂ္ဂိုလ်ကြောင့် မသိကြ မကျင့်ကြရပုံကို ဖော်ပြပြီးနောက်-

mgyoe.com

'ကြီးထင်ကျိုးများ ဆိုမိငြားလည်း စကားဖောက်ပြန် ယွင်းမမှန်ခဲ့။ အလွန်မှန်စွာ ဆိုမိပါလည်း ယုတ်မာလှဘိ ကျိုးမရှိခဲ့။ ပြစ်တိများလွန် မမှန်လေလျှင်း စကားယွင်းခဲ့။ မိန့်ခြင်းကျိုးသန် စကားမှန်မှ အလွန်တရာ လိုချင်စွာဟု လူ့ရွာ ထင်ရှား အကျိုးများ၏'

အစရှိသည်ဖြင့် အကျိုးရှိငြား စကားမမှန်၊ စကားမှန်ငြား အကျိုးမရှိ၊ အကျိုးလည်း မရှိ စကားလည်း မမှန်၊ အကျိုးရှိ စကား မှန်ဟူသည့် 'စကား လေးမျိုး' ကို ဖော်ပြလေသည်။

ထိုမှ ဆက်လက်၍ 'မိုးနှင့် သရက်၊ အိုးနှင့်ကြွက်' ဥပမာနှင့်ညီသည့် တရားဟောပုံကို ပြသည်။ ရပ်ခလေ့ ရွာခလေ့တွင် မိုးနှင့် သရက်၊ အိုးနှင့် ကြွက်ဟု အသုံးများကြငြား၊ 'မိုးနှင့် ကြွက်၊ သရက်နှင့် အိုး'အဖြစ်သာ ယခု တွေ့ရမည်။

'×××တရားဟောခါ ဥပမာကား၊

မြည်ကာခြိမ်းမဲ မသေးဖွဲတည့်။

ပေါက်ကွဲသောသွင် ပျင်ပျင်ရွာလျက် သံမထွက်ခဲ့။

ညို့သက်ဖြည်းညင်း မြည်သံကင်းလျက်၊ ဆီးနှင်းရှိမှု မကျတုံလေ မရွာနေခဲ့။

မိုးမြေတောင်ကမ်း ပရမ်းပတာ ကွဲရှာဖွယ်လိ မြည်လစ်ဘိလျက်၊ မြေကြီးအလုံး ရေတိပုံးမျှ ပတ်ကုံးပြည့်ဖြိုး ရွာသည့်မိုးသို့ အားကြိုးဝမ်းသာ ဟောပေရာ၏'

မိုးရွာဟန်ရွာနည်း လေးမျိုး ရှိသည်။ခြိမ်းခြောက်ဟိန်းဟောက်ပြီး မရွာသောမိုး။ပြင်းထန်သဲမဲစွာ ရွာငြား မိုးချုန်းသံ မရှိသောမိုး။ အသံလည်း မကြားရ၊ တစ်စက် တစ်ပေါက်မျှလည်း မရွာသောမိုး။ မိုးပြို တောင်ကွဲလုမျှ မြည်ဟစ်ထစ်ချုန်းပြီး မြေပြင်အလုံး ဖုံးလွှမ်းသည်အထိ အားရှိပါးရှိ ရွာသောမိုး။

တရားဟောပုဂ္ဂိုလ်သည် ဤမိုးလေးမျိုးအနက် စတုတ္ထမိုး အမျိုးအစားကဲ့သို့ အားကြီးမာန်ပါ တရားဟောရာ၏ဟု ဆိုလိုပေသည်။

**ကြွက်လေးမျိုး၏ ဥပမာ**

ကြွက်ဥပမာမှာလည်း လေးမျိုးပင် ဖြစ်သည်။

(၁) ပထမ ကြွက်မှာ တွင်းတူးသည်။ ထိုတွင်း၌ နေခဲလှသည်။ မနေ။

mgyoe.com

mgyoe.com SAMPLE BOOK

(၂) ဒုတိယ ကြွက်မျိုးမှာ ပိုင်ရှင်မဲ့တွင်းမှာ နေသည်။ တွင်းမူ မတူး။,

(၃) တတိယအမျိုးအစား ကြွက်ကား တွင်းလည်း မတူး၊ နေလည်း မနေပေ။

(၄) စတုတ္ထအမျိုးအစား ကြွက်မူ တူးလည်းတူး၊ နေလည်း နေသည်။

ဤကြွက်လေးမျိုးတွင် နောက်ဆုံး ကြွက်ကဲ့သို့ ကျင့်သင့်ကြောင်းကို ပျို့ဆရာသည် ဤသို့ ဖော်ပြပေ၏။

'ကျင့်မှာတစ်ချက် ပမာကြွက်တုံ....

တွင်းယက်တူးထွေ တွင်းမှာနေခဲ။

လပ်လေရာရာ တွင်းမှာနေလျက်၊ တွင်းမယက်ခဲ့။

မြေထက်တွင်းတူး၊ မတူးစပါ နေမှုကွာခဲ့။

နေရာတူးပေ နေလည်းနေသား။ လေးထွေကြွက်တွင် နောက်စွန်းသွင်သို့၊ သိမြင်သောလျောက် မဖောက်မြဲကြပ် ကျင့်လေအပ်၏'

ပျို့ဆရာသည် ဤမျှသာ ဆိုသော်လည်း-

ကျင့်သည် မသိ၊

သိသည် မကျင့်။

သိလည်းမသိ၊ ကျင့်လည်း မကျင့်။

သိလည်းသိ၊ ကျင့်လည်းကျင့်

ဟူသည့် ပုဂ္ဂိုလ်အမျိုးအစား လေးမျိုး အနက် စတုတ္ထ အမျိုးအစား ပုဂ္ဂိုလ်မျိုးကဲ့သို့ ကျင့်ရမည်ဟု ရည်ရွယ်လိုဟန် ရှိသည်။

## သရက်နှင့် အိုးဥပမာ

သရက်သီးဥပမာ ပြရာတွင်လည်း လေးမျိုးပင် ပြ၏။

(၁) သရက်သီးတစ်လုံး၏ ပြင်ပအသွင်မှာ စိမ်းရွှမ်းနေပြီး အတွင်းသား အမှန်မှာမူ မှည့်ပျော်နေပြီ။

(၂) ပြင်ပအသွင်မှာ သရက်သီးမှည့်ဟု ထင်မှတ်ဖွယ်ရှိပြီး အမှန် အားဖြင့် အတွင်းသားမှာ စိမ်းရွှမ်းနေဆဲ ရှိသေး၏။

(၃) သရက်သီး၏ ပြင်ပအသွင်ရော အတွင်းအနေပါ စိမ်းရွှမ်းနေ၏။

(၄) သရက်သီး၏ ဆင်းသွင်မှာလည်း ရွှေရောင်အဆင်းဖြင့် မှည့်ဝင်း နေသည့်နည်းတူ အတွင်းသားမှာလည်း အမှန်ပင် မှည့်ပျော်နေလေပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

'ပုံထပ်တစ်ချက် သရက်သီးမှာ စိမ်းစွာ အပြင်ထဲတွင် မှည့်ပျော်။ အပေါ်မှည့်ဆင်း အတွင်းစိမ်းခဲ့။ ပြုံပြုံ့အမြင် တွင်းပြင်စိမ်းလတ် မမှည့်တတ်ခဲ့။ ဆင်းမြတ်လှစွာ ဝင်းဝါရွှေလှည့် အင်ပြည့်လုံးကြီး သရက်သီးသို့၊ ဂုဏ်ပြီးများထူ ရှိသသူတို့ အယူအကျင့် ပြင်နှင့်အတွင်း တဆင်းတည်းပင် သဘောဝင်မှ လူတွင် သူမြတ် အထူးမှတ်၏'

လူတို့တွင် သရက်သီးပမာ လေးမျိုး ကွဲပြားသည်။ အကျင့်ကောင်းဟန် ရှိငြား၊ သီလမရှိသူ။ အကျင့်မကောင်းဟန် ရှိသော်လည်း သီလရှိသူ။ အမူအကျင့်လည်း မကောင်း၊ သီလလည်း ခေါင်းပါးသူနှင့် ကိုယ်ကျင့်တရားရော သီလပါရှိသူ ဟူ၍ ဖြစ်သည်။

သို့ဖြစ်၍ ပြင်ပသဏ္ဍာန်ရော အတွင်းသန္တာန်ပါ မှည့်ပျော်နေသည့် သရက်သီးနည်းတူ ကိုယ်ကျင့်တရားလည်း ကောင်းမွန် သီလလည်းရှိသူ ဖြစ်ကြရမည်။ ဤသို့ ဆိုလိုပေသည်။

'တလတ်အိုးမှာ ဥပမာကား၊ ပြည့်စွာထည့်ကျင် ဟင်းလင်းပင်တည့်။ ပိတ်ချင်လှည့်ကာ ထဲမှာနက်မဲ့ ဖြစ်ခဲ့တုံဘိ။ မရှိအနက် အထက်မဖုံး။ ပေါင်းရုံးအပြည့် ထည့်သည်နက်များ ပိတ်၍ထားသို့ အကြားအမြင် ဂုဏ်အင်ပေါင်းစည်း လွန်သိပ်သည်းမှ ကပ်ဆည်းရှိညွှတ် လွန်လေးမြတ်သည် နာဂတ်ပုံယူ စံဆေးတည်း'

အပြည့်အသိပ်ထည့်ငြား ဟင်းလင်းဟောက်ပက် ရှိမြဲရှိသည့်အိုး၊ ထည့်စရာနေရာ မရှိသည့်အိုး၊ ထည့်စရာနေရာလည်း မရှိ၊ ထည့်လည်း မထည့်သော အိုးနှင့် အပြည့်အသိပ်လည်း ထည့်၍ ထည့်သမျှလည်း မိုမောက်တက်ကြွနေသည့် အိုးတို့ ဖြစ်ပေသည်။

ထိုအိုးလေးလုံးတွင် စတုတ္ထအိုးနှင့် တူသောသူများကိုသာ ဆည်းကပ်ရှိသေလေးမြတ်ကြပေလိမ့်မည်။

## ရေ၊ အဆိပ်နှင့် သစ်ပင်ဥပမာ

ကြားလေ့ကြားထများသော မိုးနှင့် ကြွက် သရက်နှင့် အိုးကို ဖော်ပြပြီးနောက် အကြားရ နည်းသော ရေဥပမာ၊ အဆိပ်ဥပမာနှင့် သစ်ပင်သစ်ခေါက်ဥပမာများကို ဖော်ပြပါမည်။ အပိုဒ် ၃၂ မှ ဖြစ်ပါသည်။

(၁) မျက်မြင်အားဖြင့် နက်သည် ထင်ရသော်လည်း တိမ်သောရေပြင်။

(၂) တိမ်သည် ထင်ရလျက် နက်သောရေပြင်။

mgyoe.com SAMPLE BOOK

(၃) တိမ်သည်ဟု ထင်ရသည်နှင့် လျော်ညီစွာ တိမ်သောရေပြင်။

(၄) နက်သည်ဟု ထင်ရသည်နှင့်အညီ အမှန်ပင် နက်သောရေပြင်။

ဤရေ၏ ဥပမာကဲ့သို့ပင် အကျင့်သီလ၊ ပညာစွမ်းအင် ပြည့်ဝထက်မြက်လေဟန် သွင်ပြင်ရှိသော်လည်း အကျင့်သီလ၊ ပညာစွမ်းအား ခေါင်းပါးသူများကို လူတို့တွင် တွေ့နိုင်၏ဟု ဆိုလိုရိပ်ရှိသည်။

အကျင့်သီလ ပညာမရှိဟု ထင်ရသော်ငြား လက်တွေ့တွင် ရှိသူ။ ထိုသို့ ထင်ရသည်နှင့် ထပ်တူထပ်မျှ အကျင့်သီလ၊ ပညာ လုံးဝ မရှိသူနှင့် အကျင့် သီလ၊ ပညာရှိသည် ထင်ရသည်နှင့် လျော်ညီစွာပင် ပြည့်ဝစုံလင်သူများကို လူတို့တွင် တွေ့ရလေ့ရှိပေသည်။

'ရေဥပမာ နက်လှစွာလျက် တိမ်ရှာသည်ပင် အရောင်ထင်၍ရေအင်နည်းလျက် အထဲနက်သို။ တပြက်မြင်ခြင်း အဆင်းတိမ်ဘိ မရှိရေတာ။ နက်မှုထဲချောင် အရောင်ကြွတ်စက် နက်လည်း နက်သား။ ကြောက်မက်ဖွယ်မြို့ ရေကဲ့သို့ လျှင် လူတို့ပြုဟာ ပြည့်စုံရှာ၏'

ထိုမှ ဆက်လက်၍ 'ပမာပုံပြ ဥသဘတုံ ဖိုမမကြွင်း ချင့်တော်ချင်းကို အပြင်းညှဉ်းဆဲ အနိုင်ကဲလျက်၊ တကွဲရွှေဘော် သင့်တင့်ပျော်သား နွားကျော် အသွင် လူတို့တွင်နှိုက် သိမြင်ကျယ်သီး အကျိုးကြီး၏' ဟုနွားလားဥသဘ၏ ကျင့်ဆောင်ပုံကို ယှဉ်ကပ်ပြပြီးမှ အဆိပ်ကို ပမာထားလျက် ကျင့်သုံးကြရန် ဆုံးမပြန်ပေ၏။

'ထုံးမှီးနည်းကျ ဆိပ်ပုံပြမူ၊ ခဏာတက်ဝှန် မပြင်းထန်ခဲ့။ အလွန်ပြင်းလျက် လွန်မတက်ခဲ့။ အထက်ထက်လွယ် ကြောက်ဖွယ်လွန်ပြင်း ရှိသောခြင်းနှင့်။ ဖြည်းညင်းတက်ခဲ ပြင်းရှိန်စွဲသား။ လေးကွဲဆိပ်ဝယ် နောက်စွန်းနှယ်သို့ ကြီးငယ် အမျက် ထွက်လစ်သောခါ ဆင်ခြင်ရာ၏'

မိမိစိတ်နှင့် အခန့်မသင့်သော အကြောင်းခြင်းရာများ အဖြစ်အပျက်များကို လူတိုင်း ကြုံတွေ့ရစမြဲ ဖြစ်ပေသည်။ ထိုသို့ မိမိဆန္ဒနှင့် မလျော်ညီသော ကိစ္စများနှင့် ကြုံဆုံရသောအခါ အမျက်ဒေါသထွက်ကြသည်သာ ဖြစ်ချေသည်။ အမျက်ဒေါသသည် အလွန်ပြင်းထန်၏။

ထိုပြင်းထန်သော ဒေါသကို အဆိပ်နှင့် ခိုင်းနှိုင်းထား၏။ ဤနေရာတွင်လည်း အဆိပ်ကို လေးမျိုးပင် ခွဲခြားထားပေ၏။ ယင်းတို့မှာ-

(၁) ခဏချင်း အဆိပ်စွမ်းပြသော်လည်း မပြင်းထန်သော အဆိပ်။

mgyoe.com

(၂) စင်စစ် ပြင်းထန် ထက်မြက်သော်ငြား အဆိပ်စွမ်း ချက်ချင်း မပြ၊ ချက်ချင်း မတက်သော အဆိပ်။

(၃) ခဏချက်ချင်း အဆိပ်တက်သည့်နည်းတူ အမှန်ပင် ပြင်းလည်း ပြင်းထန်သော အဆိပ်နှင့်

(၄) အဆိပ်စွမ်းပြရာ အဆိပ်တက်ရာတွင် ဖြည်းညင်းညင်သာသကဲ့သို့ အစွမ်းအာနိသင်မှာလည်း မပြင်းထန်သော အဆိပ်တို့ ဖြစ်ကြ၏။

သေစေတတ်သည့် အဆိပ်ကို ဒေါသနှင့် နှိုင်းခြင်းမှာ အကြောင်းမဲ့ မဟုတ်ပေ။ အဆိပ်သည် စားသူကိုသာ သေစေ၏။ အဆိပ်သင့်သူသာ သေ၏။ ဒေါသမှာမူ ဒေါသမီးသင့် ဒေါသမီးလောင်ခံရသူများကို ရာထောင်မှ သိန်းသန်းအထိ သေစေစွမ်း ရှိသောကြောင့် ဖြစ်၏။ သို့ကြောင့်လျှင် ဒေါသထွက်ရာတွင် နှေးကွေးစွာ အဆိပ်တက်၍ ပြင်းလည်း မပြင်းထန်သော အဆိပ်ကဲ့သို့သာ ကျင့်ရာ၏ဟု ဆုံးမခြင်း ဖြစ်ပေ၏။

ထို့နောက် သစ်ပင်နှင့် အခွံအခေါက် ဥပမာကို တင်ပြရန်အတွက် လူ့အလေးပေါ့ အတိမ်အနက်ကို ဤသို့ ဖော်ပြပေသည်။

'များစွာအထူး ကျေးဇူးတိမ်နက် စူးစမ်းလျက်လျှင် နှစ်သက်အားရမ်း မချီးမွမ်းခဲ့။ ဖုံးလွှမ်းချီးမြှောက် ပြုပါမြောက်လည်း ရှေ့နောက် ရှုမျှော် မတွေးခေါ်ခဲ့။ မှတ်ရော်ခွဲခြမ်း စူးစမ်းမရှိ မသိနက်လေး ချီးမွမ်းဝေးခဲ့။ ကြံတွေးယူဆ စူးစမ်းမှလျှင် ရှင်ပျဝမ်းသာ ချီးမွမ်းရာ၏။

ရှေးခါပြုမိ ကောင်းမှုရှိလျက် ရှုပြီး(ပြီ)သန့်ရှင်း သက်မွေးကင်း၏။ ကောင်းခြင်းသန့်ရေး အသက်မွေးလည်း ဘုန်းရှေးကံမဲ့ လွန်ချို့တဲ့၏။ ပြုခဲ့ရှေးက ပုညမရှိ ခုပြီး(ပြီ) မကောင်း သက်မွေးကြောင်းတည့်။ ကံဟောင်းရင်းသန် တော်မှန်ပြုစု သက်မွေးမှုနှင့်၊ ပြောထုဗိုလ်ပါ ပြည့်စုံရာ၏။

စဉ်လျှာနွယ်ရိုး ကောင်းမျိုးကားဖြစ် အကျင့်ညစ်ခဲ့။ မျိုးစစ်ယုတ်မာ အနွယ်မှာလည်း ကောင်းစွာအယူ ကျင့်သည်မှုခဲ့။ ဗိုလ်လူသမုတ် ယုတ်သည့် အမျိုး အကျင့်ဆိုးခဲ့။ စဉ်ရိုးနွယ်မြတ် ကျင့်ဝတ်စုံအင် နောက်စွန်းလျှင်တည့် ရပ်ခွင်လူပေါင်း အလွန်ကောင်း၏။ မြစ်ဆောင်းနှစ်စည် သစ်ကြီးတည်လျက် ပတ်လည်ဝန်းရံ အခွံ နှထွား အကာများခဲ့'

လူ အမျိုးမျိုး ရှိသည့်အနက် အချို့သည်....

သူ၏ ဂုဏ်ကျေးဇူးကို စူးစမ်းရုံသာ စူးစမ်း၏ မချီးမွမ်း။

mgyoe.com

ချိုးမွမ်းအားရမ်း ပြုကားပြု၏။ ကျေးဇူးဂုဏ်ကို မသိ။

ချိုးကျူးကော်ရော်မှုလည်း မရှိ။ ကျေးဇူး အတိမ်အနက်ကိုလည်း ခွဲခြမ်းမသိ။

ကျေးဇူးဂုဏ်ကို စူးလည်း စူးစမ်း၊ ချိုးကျူး ထောမနာလည်း ပြု၏။

ဤသို့ လေးမျိုးရှိရာ စတုတ္ထအမျိုးအစားကဲ့သို့သာ ကျင့်ဆောင် လိုက်နာသင့်ပေသည်။

လူ့ရွာ လူ့လောကဩ လူအဖြစ် ကျင်လည်နေကြသူများအနက် အချို့သည် ရှေးအခါက ကုသိုလ်ကောင်းမှု ပြုဖူးသူများ ဖြစ်ကြပြီး ယခု ကုသိုလ်ကောင်းမှု မပြုချေ။ သို့ဖြင့် မသန့်ရှင်းသော အသက်မွေးမှုကို ပြု၏။

အချို့ကား ဘဝရပ်တည်ရေးအတွက် စီးပွားဥစ္စာ ရှာဖွေရာတွင် အကုသိုလ်မှုကို မပြု၊ ဒုစရိုက်မှုကို ရှောင်ကြဉ်၏။ သို့ရာတွင် ရှေးကောင်းမှု မရှိသဖြင့် ဆင်းရဲချို့တဲ့၏။

အချို့သော် ရှေးကံကောင်း မရှိခဲ့သည့်အတွက် ချို့ငဲ့လွန်း၏။ အသက်မွေးမှုမှာလည်း အကုသိုလ်မှုဖြင့်သာ လုံးထွေးနေ၏။

အချို့မှု ကံဟောင်းသန့်စွမ်း ကောင်းမွန်သဖြင့် ဥစ္စာပညာ ကြွယ်ဝသည့်အပြင် အသက်မွေးမှုမှာလည်း သန့်ရှင်း၏။

ထိုကဲ့သို့ လေးစားလေးထွေ ရှိရာတွင် စတုတ္ထအမျိုးအစားအဖြစ်ဖြင့်သာ အခြေအရံ စည်းစိမ်ခမ်းနား စည်ကားမှုကို အလိုရှိသင့်ပေ၏။

လူ့လောကဩ လူအဖြစ် ကျင်လည် ကျက်စားနေသူများတွင် အမျိုးအနွယ် ရှိ၏။ အမျိုးအနွယ် ဟူသည် အဖေ့ဘက်မှ ဆင်းသက်လာသူများ၊ အမေ့ဘက်မှ ဆင်းသက်လာသူများကို ဆိုလိုပေသည်။

လူတိုင်း လူတိုင်းတွင် ထိုကဲ့သို့ မျိုးရိုးနွယ်ဆက်ဟူ၍ ရှိလာသည့်အနက် အချို့၏ ဘေးဘိုးမိဘတို့သည် မြင့်မြတ်၏။ ခင်ပွန်းကြီး ဆယ်ပါးကို မပြစ်မှား။ အပြောအဆို၊ အနေအထိုင် အလွန်တရာ ယဉ်ကျေးသိမ်မွေ့ကြ၏။ သို့ရာတွင် သူတို့၏ မြေး မြစ် တီ ကျွတ်တို့မှာကား အလွန်ယုတ်မာ၏။ ရတနာသုံးပါးကို မသိ။ မိဘ၊ ဆရာကို မရိုသေ။ မကောင်းမှုမှန်သမျှ ဒိုင်ခံ လုပ်ကိုင်သည်။

အချို့မှု ဘိုးယုတ် ဘေးယုတ် ဒုစရိုက်သမား မိဘများမှ ဆင်းသက်လာပြီး သားသမီး မြေးမြစ်မှာမူ ယဉ်ကျေးသိမ်မွေ့သည်။ အကုသိုလ်မှုကို ဝေးဝေးက ရှောင်ကွင်းသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အချို့သော် ဘိုးဘေး မိဘကလည်း အကုသိုလ် ဒုစရိုက်မျိုး။ သားသမီး မြေးမြစ်ကလည်း သုစရိုက်ဟူသည် ချိုနှင့်လား မေးယူရအောင် ဆိုးယုတ်သူများ ဖြစ်ကြချေသည်။

အချို့ကား သူတော်စင် သူတော်မြတ်မျိုးရိုးမှ ဆင်းသက်လာသည်နှင့် လျော်ညီစွာပင် သားသမီး မြေး မြစ် လက်ထက်၌လည်း လူကြည်ညို နတ်ကြည်ညိုသော သုစရိုက်သမားတွေချည်း ဖြစ်နေကြလေသည်။

ထိုမျိုးနွယ် လေးရပ်တွင် နောက်ဆုံးမျိုးနွယ်ကိုသာ အမျိုးကောင်း အနွယ်ကောင်း ဆွေမြတ်မျိုးမြတ်ဟု ခေါ်နိုင်ပေမည်။

'မြစ်ဆောင်းနှစ်စည် သစ်ကြီး တည်လျက်၊ ပတ်လည်ဝန်းရံ အခွံနုထွား အကာများခဲ့။ အပါးဝန်းကျင် နှစ်ပြည့်စင်လည်း အပင်ကြီးမှာ နှစ်မပါခဲ့။ လယ်ချာရောက်ပြီး သစ်ပင်ကြီးနှင့် အနီးပါးဝယ် သစ်ပင်ငယ်တို့ စင်ကြယ်အနှစ် မရှိဖြစ်ခဲ့။ သစ်သစ်အားလုံး ကြီးငယ်ကျုံး၍ လွှမ်းဖုံးကာမဲ့ နှစ်ပြည့်ကဲ့သို့ နှိုင်းရှဲ့ ထို့သွင် လူတို့တွင်လည်း ကိုယ်ပင်ကစ ထိုမှတလွှား ခြွေရံများတို့ ကာပါး နှစ်ပေါင်း ပြည့်စုံကောင်းသည် ကျိုးကြောင်းသိမြင် နက်လေးတည်း'

ဤအပိုဒ်မှာလည်း လူ့လောကကို ကြည့်ပြီး လူတို့ကို သစ်ပင်နှင့် ဥပမာ ပေးထားခြင်း ဖြစ်ပေသည်။ ယခု ဥပမာတွင်ကား တစ်ဦးတည်း တစ်ယောက်တည်းကို ဦးမတည်မူ၍ အခြံအရံနှင့်တကွ ဆိုပေသည်။

ဆိုပုံမှာ....

ခြေမြစ် ခိုင်မာသော သစ်ပင်ကြီးတစ်ပင် ရှိ၏။ အနှစ်လည်း ပြည့်၏။ သို့သော် အခွံကလည်း မရင့်မာ အကာလည်း များလှသည်။

ထန်းပင်ကဲ့သို့သော အပင်များမှာကား အလယ်သားက ပွရောင်း၍ ဘေးသားက မာကျောသဖြင့် အပင်ကြီးမှာ အနှစ်မရှိဟု ဆိုရမည်သို့ ဖြစ်သည်။

ထို့ထက် ပိုကဲသည်မှာ ဗိုလ်ဝင်ခံသကဲ့သို့ တစ်ပင်တည်း ထီးထီးကြီး ရှိနေသည့် သစ်ပင်ကြီးသာမက ထိုအပင်ကြီးကို ဝန်းရံ ခစားနေသော သစ်ပင်များပါ အနှစ်မရှိခြင်း ဖြစ်ချေသည်။

အမှန်အားဖြင့် ဖြစ်သင့်သည်မှာ ရှိရှိသမျှ သစ်ပင်အားလုံးတွင် အကာကင်းပြီး အနှစ်ချည်း ပြည့်နှက်နေရပေမည်။ လူတို့တွင်လည်း ထိုနည်းတူပင် အကြီးအကဲမှစ၍ ခြွေရံသင်းပင်းထိ အကာပါးပြီး အနှစ်ထူသူ ပြည့်သူများ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သင့်ကြပေသည်။ လောကုတ်၊ လောကီ နှစ်ဖက်ရ တွေးယူ ကျင့်ဆောင်နိုင်ရန် လေးလေးနက်နက် ဖော်ပြထားခြင်း ဖြစ်ပေ၏။

*မြတ်ယန်းရုံ၊ ၁၉၉၁၊ ဧပြီ*

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အာနုဘော်ကြီးမားသော ရှေးရိုးပရိတ်တော်

ကိုကြည်အေးတို့ သားအမိ သားအဖ လေးယောက် သာကေတမြို့သို့ ပြောင်းရွှေ့လာချိန်မှာ ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဖြစ်ပေသည်။ ပေ လေးဆယ်၊ ခြောက်ဆယ် ရှိသော မြေကွက်တစ်ကွက်၊ ယောက္ခမ အလကားပေးသော ကြောင့် ရွှေ့ပြောင်းလာခြင်း ဖြစ်သည်။

ထိုအချိန်က အောင်သပြေလမ်းမှာ မြေနီလမ်းမျှသာ ရှိသေးပြီး သုံးဘီးကား သွားချ်ရရုံသာ ရှိ၏။ လမ်းသွယ်တိုင်းသို့ သုံးဘီးကား ဝင်၍မရ။ လမ်းထိပ်ရှိ သစ်သားတံတားများမှာ အဆင်မပြေလှပေ။ လမ်းထဲတွင် ကျောင်းဟောင်းတစ်ကျောင်း ပါလာခြင်း ဖြစ်၏။ သို့အတွက် လမ်းကလေးကို ကျောက်စရစ်ခဲခင်းထား၏။

လမ်း၏အဆုံး အနောက်အရပ်တွင် လူနေအိမ်ခြေ မရှိချေ။ ကွင်းကြီး၏ အလယ်ကွင်ကား ရေကန်ငယ် နှစ်ကန် ရှိ၏။ သို့သော် သုံးစွဲသူ မရှိချေ။

ကိုကြည်အေး အိမ်၏ ယာဘက်တွင် အိမ်မရှိ။ ကျောဘက်တွင်လည်း ရေကုတ်မြောင်းနှင့် ကိုင်းတောကြီးသာ ရှိသည်။ လက်ဝဲဘက်နှင့် မျက်နှာချင်းဆိုင်တွင်ကား အိမ်များရှိကြား လူမနေချေ။ ထိုနေရာ ထိုအရပ်၏ ရေမြေသဘောကို ကိုကြည်အေး မသိပါ။ ခြံစည်းရိုး ကာရံခြင်း၊ သစ်ပင်စိုက်ခြင်းဖြင့် ရောက်လာတော့မည့် မိုးရာသီကို စောင့်ကြိုနေမိသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

မေလသို့ ရောက်လျှင် ရောက်ချင်း မိုးကျလေတော့သည်။ မိုးကို တမ်းတနေသော မြေပြင်သည် မိုးရည်ကို အငမ်းမရ စုပ်ယူသည်။ သို့အတွက် မြေပြင်သည် မိုးတိတ်သည်နှင့် တစ်ပြိုင်နက်တည်း ခြောက်သွေ့သွားတော့သည်။

သို့သော် ရေထရက်များတွင် ရိုးထဲမှ တက်လာသော ချောင်းရေကိုမူ မြေကြီးသည် မစုပ်နိုင်။ ရေထနှင့် မိုးနှင့် တွေ့သောအခါတွင် ကိုကြည်အေး၏ အိမ်ဝိုင်းထဲတွင် ရေဘောင်ဘင်ဝေတော့သည်။

အိမ်ကလေးမှာ သုံးပင် ပျဉ်ထောင်ပျဉ်ခင်း ဓနိမိုး ဖြစ်သည်။ ရှေ့တွင် ဖိနပ်ချွတ်အဖီနှင့် နောက်ဘက်တွင် မီးဖိုဆောင်အဖီ ပါသေး၏။ သို့ပါလျက်နှင့် တစ်ထောင်မျှသာ ကုန်ကျသော ထိုအိမ်ကလေးသည် ငါးပေခန့် မြင့်၏။ တက်လာ သော ရေနှင့် ရွာချသောရေတို့ အိနေသောအခါ အိမ်ကြမ်းပြင်နှင့် နှစ်ပေခွဲ နှစ်ပေမျှသာ ကွာတော့၏။

ဤအခါတွင် ဒုက္ခသည် စတင်တော့၏။

ဒုက္ခကား အိမ်ပေါ်သို့ ကင်းခြေများ များစွာ တက်လာကြခြင်း ဖြစ်၏။

ကိုကြည်အေး၏ သားနှစ်ယောက်သည် ကင်းမြီးကောက်နှင့် ကင်းမ လက်မည်း၊ ကင်းခြေများကို မမြင်ဖူးကြပေ။ သို့အတွက် ကင်းခြေ နီနီ မည်းမည်းများသည် သူတို့အတွက် ကစားစရာ ဖြစ်သည်။ သူတို့အမေကား အဆိပ်ရှိသော သတ္တဝါတွေ ဆိုကာ တွေ့သမျှ သတ်သည်။

ကလေးတို့အမေသည် ကင်းများ အိမ်ပေါ်သို့ မတက်စေရန် ကြမ်းစွန်း များကို အပင်ပန်းခံကာ ပျဉ်တိုပျဉ်စများ သံရိုက်ပြီး ပိတ်သည်။ အိမ်ကိုလည်း ရှင်းသန့်နိုင်သမျှ ရှင်းသန့်အောင် ထားသည်။ သို့ပါလျက်နှင့် ကင်းခြေများ တို့ကိုကား တွေ့မြဲ တွေ့နေသည်သာ။ အရှည် လက်လေးသစ်မှ တစ်ထွာ အရွယ်ရှိ ကင်းများကား သတ်၍ မကုန်ချေ။

ဤတွင် ထူးခြားမှု နှစ်ရပ်ကို ကိုကြည်အေး သတိပြုမိ၏။

ပထမတစ်ချက်မှာ ရေလယ်ကောင်ရှိ အိမ်ကလေးပေါ်သို့ ကင်းသာ တက်ပြီး မြွေမတက်ခြင်း ဖြစ်သည်။

ဒုတိယအချက်မှာသော် ကင်းများသည် လူကို မကိုက်ခြင်း ဖြစ်သည်။

ကင်းများသည် မကိုက်မည့်သာ မကိုက်သည်၊ နေလိုက်လျှင် စောင် ထဲ၊ အဝတ်ထဲချည်း ဖြစ်သည်။ တစ်ညတွင်ကား ကလေးအမေ၏ ခေါင်းပေါ်မှ ယားကျိကျိ ခံစားရသဖြင့် ဆံပင်ကို ဖြေချလိုက်သောအခါ တစ်ထွာကျော် ကင်းခြေများကြီး လျှောကျလာ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးတို့အမေမှာ ကင်းခြေများတွေကို ထိုသို့ တွေ့လေလေ စိုးရိမ်တကြီးဖြင့် သတ်လေလေ ဖြစ်တော့သည်။

◆

ကိုကြည်အေး၏ အိမ်ပေါ်သို့ ရေလယ်ကောင်ရှိ ကျွန်းအမှတ်ဖြင့် ကင်းတွေ သည်မျှ တက်နေပါလျက် မြွေ မတက်ခြင်းမှာ ကိုကြည်အေးကြောင့် ဖြစ်ပေသည်။ ကိုကြည်အေးသည် မြွေကို မသတ်ပေ။

မသတ်ခြင်းမှာ မြွေကို နဂါးမျိုးဟု သူ ယုံကြည်သောကြောင့် ဖြစ်သည်။ စမ္ပေယျနဂါးမင်းဝတ္ထုနှင့် မဟာနိပါတ်လာ ဘူရိဒတ္တနဂါးမင်းတို့ကို လည်း သူ ခင်မင်သည်။ သနားသည်။ ကြည်ညိုသည်။

ခန္ဓသုတ် ပရိတ်တော်တွင်လည်း ဧရာပထမြွေနဂါးမျိုး၊ ဆဗျာပုတ္တမြွေနဂါးမျိုး၊ ကဏှာဂေါတမမြွေနဂါးမျိုးဟု ပါသည်ကိုလည်း သူ စိတ်ဝင်စား၏။ မည်သည့်မြွေမျိုးသည် မည်သည့်အစွမ်း ရှိသနည်းဟူ၍ သူ လေ့လာသည်။ မေတ္တာထားသည်။ သို့ကြောင့် မြွေကို ကိုကြည်အေး မသတ်။ မသတ်သောကြောင့် သူ့အိမ်ပေါ်သို့ မြွေမလာခြင်း ဖြစ်ဖွယ် ရှိ၏။

ကလေးတို့၏ အမေမှာကား မြွေကိုလည်း ကြောက်ကြောက်နှင့် သတ်သည်။ သူ့အတွက်လည်း ကြောက်၊ ကလေးတွေအတွက်လည်း စိုးရိမ်သောကြောင့် ပေတည်း။

တစ်မိုး ကုန်သွားပြီ။

အိမ်ဝိုင်းတစ်ခုလုံးကို မြေဖို့သည်။ သုံးပေခန့် မြင့်အောင် မြေဖို့ပါလျက် အိမ်ဝိုင်းထဲသို့ ရေမတက်တော့ပါဘဲလျက် ကင်းများကား လာမြဲလာသည်။ လာသော်ငြား မည်သည့်ကလေးမျှ ကင်းကိုက် မခံရ။ မခံရစေကာမူ ကလေးတို့အမေကား ကင်းများကို ကြောက်ကြောက်နှင့် သတ်နေသည်။

ဒုတိယတစ်မိုး ကုန်ခဲ့ပြန်ပြီ။

မြေမျက်နှာပြင်သည် ခြောက်သွေ့ရုံမက အချို့နေရာတွင် ပပ်ကြားအက်များ ဖြစ်ပေါ်လာပြီ။ တစ်ညနေတွင် ကလေးတို့အမေသည် ခြစည်းရိုးဘက်သို့ ရေသွန်ရန် သွားသည်။ ပပ်ကြားအက်ထဲမှ မြွေတစ်ကောင် ထွက်လာသည်။ ကလေးတို့အမေ၏ ခြေထောက်ကို ကိုက်သည်။ ပပ်ကြားအက်ထဲသို့ ပြန်ဝင်ပြေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးတို့၏ အမေမှာ မြွေဟုသာ သိလိုက်၏။ မည်သည့်အမျိုးအစား မြွေမျိုးဟူ၍ကား မမှတ်မိလိုက်။ မြွေမျိုးကို မသိသောကြောင့် ဆေးခန်း ဆရာဝန်မှာ ပြုမြဲအမှုကိုသာ ဆောင်ရွက်ပေးပြီး ဆေးရုံသို့ ညွှန်လိုက်လေ၏။ ထိုအချိန်တွင် တတိယသားမှာ တစ်လသားမျှသာ ရှိသေးရကား ကိုကြည်အေး ပင်ပန်းလှ၏။

ပင်ပန်းဆင်းရဲသောအခါတွင်မှ ကိုကြည်အေး သတိတရား ဝင်လာ၏။

ဘာမှမဖြစ်လောက်တဲ့ အသေးအမွှား ကင်းခြေများတွေကို တွေ့မရှောင် သတ်နေတဲ့အတွက် နောက်ထပ် ရန်အသစ် ပေါ်လာတာလား။ ကြည့်စမ်း၊ မြက် မရှိ၊ ချုံ မရှိ မြေပြောင်ပြောင်ကြီးမှာ-

အယူသီးသူတို့အတွက်မူ တလင်းပြောင်ကြီးထဲမှ ထွက်ကိုက်သော မြွေသည် ရိုးရိုးမြွေ မဟုတ်။ တိုက်မြွေ ဖြစ်ရမည် စသည်ဖြင့် ဥပဒ်နိုင်၏။

တိုက်မြွေ ဟူရာ၌ စုန်းက တိုက်သလော၊ နတ်က တိုက်သလော။ နတ်တွင်လည်း ရိုးရိုးနတ်လော၊ ကွင်းပိုင် တောပိုင်လော။ လျှောက်ပြီးချဲ့ပါက လက်ရှိအိမ်ပေါ်မှပင် ဆင်းပြေးရလောက်ပေသည်။

လမ်းနီးနားချင်းများနှင့် လမ်းထဲရှိ လူအချို့က ပြောသေး၏။ 'မြေကြမ်းသည်'။ သို့တစေ ကိုကြည်အေးကား စုန်းနတ်နှင့် ရတနာသုံးပါး ယှဉ်လာလျှင် ရတနာသုံးပါးဘက်သို့သာ ယိမ်းယိုင်လေ့ရှိသူ ဖြစ်ရာ ရတနာသုံးပါးနှင့် စပ်လျဉ်းသော အတွေးသည်သာ သူ့အာရုံ၌ ထင်၏။ သို့ဖြင့် သားနှစ်ယောက်ကို သူ့ရှေ့သို့ ခေါ်၏။

"သားတို့ စဉ်းစားကြည့်ကြကွာ။ ကင်းတွေကို မင်းတို့တစ်တွေ တွေ့မရှောင် သတ်နေကြပါရက်က မကုန်ဘူး။ ဒီတော့ တစ်နည်း ကြံကြရအောင်ကွာ။ ဟောဒီ ခန္ဓသုတ်ကို ရအောင် ကျက်ကြကွာ။ မရခင်ကြားမှာ တစ်နေ့ သုံးခေါက် မြတ်စွာဘုရားရှေ့မှာ ဖတ်ကွာ"

သားနှစ်ယောက် လက်ထဲသို့ ပရိတ်ကြီးစာအုပ် တစ်အုပ် ထိုးပေးသည်။ ကလေးတွေ ဖတ်တတ် အသံထွက်တတ်အောင် သုံးခေါက် ဖတ်ပြသည်။ ထိုအခါတွင် သားငယ်က စောဒကတက်၏။

"ဒီပရိတ် ရွတ်ရင် ကင်းမလာတော့ဘူးလား"

"ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ်ပူဇော်ရင် ကင်းတွေ ပျောက်သွားလိမ့်မယ်။ မယုံတစ်ဝက် ယုံတစ်ဝက် ဆိုရင် လျော့ရုံပဲ လျော့သွားမယ် ထင်တာပဲ"

ကိုကြည်အေးက မယုတ်မလွန် ပြောငြား ထိုနှစ် မိုးရာသီတွင် ကင်းခြေများတို့၏ အနှောင့်အယှက်မှာ သိသိသာသာ ပျောက်ကွယ်သွားလေ၏။ ထိုသို့

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ရခြင်းမှာ ကလေးတွေ ခန္ဓသုတ်ပရိတ်တော်ကို အရကျက်ကာ ရွတ်ဖတ်ခြင်း၊ ရံခါတွင် မေတ္တသုတ်ပရိတ်တော်ကို ကိုကြည်အေး ရွတ်ဖတ်ပူဇော်သောကြောင့် ဖြစ်သည်ဟု ယုံကြည်၏။

ခန္ဓသုတ်ပရိတ်တော် ဖြစ်စဉ်တွင် မြွေခဲခံရသော ရဟန်းတစ်ပါးကို အကြောင်းပြုပြီး ထိုပရိတ်တော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည် မဟုတ်သလော။

ခန္ဓသုတ်ပရိတ်တော် နိဒါန်းတွင် **သဗ္ဗာ သီဝိသဇာတိနံ**– ကုန်အောင်စုံသော အဆိပ်မျိုးတို့အတွက်၊ **ဒိဗ္ဗမန္တာ ဂဒံဝိယ**– နတ်မန္တန် မန္တရား၊ နတ်ဆေးနတ်ဝါးကဲ့သို့၊ **ယံ**– အကြင်ခန္ဓပရိတ်တော်သည်၊ **ဃောရံဝိသံ**– ကြမ်းတမ်းသောအဆိပ်ကို၊ **နာသေတိ**– ဖျက်ဆီးနိုင်၏ စသည်သာ မဟုတ်သေး။ **သေသံဝိ ပရိဿယံ**– အဆိပ်မှကြွင်းသော ဘေးဥပဒ်ကိုလည်း၊ **နာသေတိ**– ဖျက်ဆီးနိုင်၏ ဟူ၍ ပါရှိပေသည်။

ထိုပရိတ်တော်တွင် **ဝိရူပက္ခေဟိ မေ မေတ္တံ**– မြွေများ ချစ်စေသတည်း အစချီလျက် အခြေမဲ့နှင့် ခြေလေးချောင်း ခြေထောက်များစွာ ရှိသော သတ္တဝါများ ချစ်စေသတည်းဟု ဆိုထားပေ၏။ **မာမံ အပါဒကောဟိံ သိ**– အစချီသောအပိုဒ်တွင်ကား အခြေမဲ့၊ အခြေနှစ်ချောင်း၊ အခြေလေးချောင်း၊ အခြေများသတ္တဝါတို့သည် ငါ့အား မညှဥ်းဆဲကြစေသတည်းဟု ဆက်လက် ပါရှိသည်။

**အပ္ပမာဏော ဗုဒ္ဓေါ** မဟုတ်ပါ — **အဟိ ဝိစ္ဆိကာ သတ ပဒီ** အစချီသည့် နောက်ဆုံးပိုဒ်တွင် ပင့်ကူ၊ တက်တူ၊ ကင်း ပုဇွန်၊ ကင်းမလက်မည်း၊ ကင်းခြေများနှင့် ဘေးပြုတတ်သော သတ္တဝါများအား ဖယ်ခွာခိုင်းထားသည်။ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ ဟူသည့် ဘုရားခုနစ်ဆူအား ရှိခိုးခြင်းဖြင့် နိဂုံးချုပ်ထားရာ ပရိတ်တော်မှာ အာနုဘော် ကြီးမားနေပေတော့သည်။

ကိုကြည်အေးမှာ ထိုပရိတ်တော်ကို အရံအတားပြုကာ အကာအကွယ်ခံ အစောင့်အရှောက်ခံရာ၌ နောက်ပင် ကျနေသေးသည်။ စောစီးစွာကသာ ခန္ဓသုတ် ပရိတ်တော်ကို အားကိုးခဲ့ပါက ကလေးတို့အမေ မြွေခဲခံရဖွယ်မရှိချေ။

*သီလဝမဂ္ဂဇင်း၊ ၁၉၉၄၊ ဩဂုတ်*



mgyoe.com

mgyoe.com SAMPLE BOOK

# အလွန်ဆန်းကြယ်သော ပြိတ္တာများ

မမြင်သောကြောင့် မှောင်မိုက်ကြ

"ဟော့… ဘယ်သူ့ကိုမှ လူမထင်ဘူးကွ"

မိုက်မဲသော လူယုတ်မာတွင် တိရစ္ဆာန်တစ်ကောင်၏ မံသမျက်စိသာ ရှိ၏။ မှား၊ မှန် ကောင်း ဆိုး ခွဲခြားသိမြင်နိုင်သော ဉာဏ်မျက်စိ မရှိချေ။

ထိုအခါတွင် ယုတ်မာညစ်ညမ်းစွာ ဆဲရေးရန် မရှက်ချေ၊ မကြောက်ချေ။ မတော်မမှန် လုပ်ရန်လည်း မရှက်ကြောက်ချေ။ သို့အတွက် တစ်လမ်းလုံး မိုးမွှန်အောင် ဆဲရေးနေခြင်း ဖြစ်၏။ လမ်းထဲတွင် လူကြီးချည်း နေသည် မဟုတ်၊ လူလတ် လူငယ်များလည်း နေကြသည်။ သူယုတ် သူမိုက်နှင့် မဖက်ပြိုင်လို၍ သည်းခံနေသူများ ရှိ၏။ သို့သော် သည်းခံနိုင်စွမ်း ကုန်ခန်းသူများလည်း ပေါ်လာသည်။ မိုက်မဲသော သူယုတ်မာအား နှိပ်ကွပ်ရန် ဓားဆွဲ၊ တုတ်ဆွဲလျက် ကြိုးစား ကြ၏။

"ဟဲ့… ဟဲ့ နေစမ်း၊ ပြန်ထိုင်စမ်း"

လူကြီးသူမများက တားဆီးကြ၏။

"လွန်လာပြီ ဘရ"

"သူ့အပြစ် သူ ခံလိမ့်မယ်၊ သူ့တရားက သူ့ကို စီရင်လိမ့်မယ်၊ မင်းတို့ အသာနေ"

mgyoe.com

ထိုစကားသည် အလွန် မှန်ကန်၏။

''သူ့အပြစ် သူခံလိမ့်မယ်''

အလွန်မှန်ကန်သည်။ မည်သူကမျှ အစားဝင်ရောက်ပြီး မခံပါ။ လူငှား၍ မရပါ။

လောကီတရားဥပဒေများ ရှိသည်။ ဤအရာများက အရေးယူလိမ့်မည်။ သည့်မျှဖြင့် ပြီးပြီလော၊ မပြီးသေးပါ။ သံသရာ၌ လိမ့်နေအောင် ခံကြရလိမ့်ဦးမည်။

သို့ရာတွင် ပညာရှိ သူတော်ကောင်းများက 'သူ့တရားက သူ့ကို စီရင်လိမ့်မယ်၊ သူ့အပြစ် သူ ခံလိမ့်မယ်' ဟု ပြည့်ဝမှန်ကန်သော စကားကို ဆိုခြင်း ဖြစ်၏။

မိုက်မဲသော သူယုတ်မာများသည် စင်စစ်အားဖြင့် သနားဖွယ်ကောင်းလှ၏။ သူတို့သည် မကောင်းမှု အကျိုးပေးပုံကို မသိကြပါ။ မသိသောကြောင့် မကောင်းမှုကို ကျူးလွန်ကြ၏။

မိုက်မဲသော သူယုတ်မာ ဆိုရာ၌ ဖရိုဖရဲ ဝတ်စားမူးရူး ဆဲဆိုနေသူများ ချည်း မဟုတ်ပေ။ အနေအထိုင် ဆင်းရဲနိမ့်ကျသူများချည်း မဟုတ်ပေ။ အနေအထိုင် မြင့်မား၊ အဝတ်အစား တောက်ပထိန်လက်နေသော သူဌေး သူကြွယ် အရာရှိအရာခံများလည်း မိုက်မဲသော လူယုတ်မာများထဲတွင် ပါဝင်နေပေသည်။

မကောင်းမှု ကျူးလွန်ခြင်းသည် အဝတ်အဆင် အနေအထိုင်နှင့် မဆိုင်။ မသိ မိုက်မဲခြင်းနှင့်သာ ဆိုင်ပေသည်။ မသိခြင်းတရား၏ ဖုံးလွှမ်းခံရသဖြင့် မိုက်မဲခြင်း ဖြစ်သည်။

မသိခြင်းဟူသည် အဘယ်နည်း။

ဤမကောင်းမှုကို ပြုလျှင် ဤရွေ့ ဤမျှ ဤနှယ် ခံရလိမ့်မည်ဟု မသိ ခြင်း ဖြစ်သည်။

လူတို့၏ စိတ်ကူးစိတ်သန်းများ အံ့မခန်း ဆန်းကြယ်ထွေပြားသော်ငြား၊ မကောင်းမှုကံ၏ ပစ်ချခံရရာ၌ မည်သို့ရှိမည်ကိုကား မကြံစည်နိုင်ကြပါ၊ မတွေးတောတတ်ကြပါ။ မကောင်းမှု၏ အကျိုးပေးကား အံ့မခန်း ဆန်းကြယ် လွန်းသည်။

ဂေါတမမြတ်စွာဘုရား၏ ရှေ့လက်ထက်တော်မတိုင်မီက မကောင်းမှု ပြုခဲ့သဖြင့် မကောင်းကျိုးကို ခံနေကြရသူများမှာ မြတ်စွာဘုရား ပွင့်တော်မူ

mgyoe.com

လာသည့်တိုင်အောင် မကျွတ်လွတ်ကြသေး။ မကျွတ်လွတ်ရာ၌လည်း ဆန်းပြား ပွေလီစွာ ခံစားနေကြရသည်။ ထိုသူများအား ပြိတ္တာဟုခေါ်သည်။ ပြိတ္တာထူး ပြိတ္တာဆန်းများအကြောင်း မြည်းစမ်းကြည့်စေချင်ပါသည်။

## ဆန်းလည်းဆန်းနိုင်ကြပါပေ့

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူနေစဉ်က ဖြစ်ပေ၏။ ထိုအချိန်တွင် အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီးနှင့် အရှင်လက္ခဏ သည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူကြ၏။

တစ်ခုသော နံနက်တွင် အရှင်မဟာမောဂ္ဂလာန်သည် အရှင်လက္ခဏကို ခေါ်၍ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွရန် ထွက်လာတော်မူ၏။ ထိုသို့ ကြွလာ တော်မူစဉ် တစ်နေရာသို့ အရောက်၌ အရှင်မဟာမောဂ္ဂလာန် ပြုံးတော်မူ၏။

အရှင်လက္ခဏသည် ဤအခြင်းအရာကို မြင်သဖြင့် "ငါ့ရှင် မောဂ္ဂလာန်၊ မည်သည့်အကြောင်းကြောင့် ပြုံးပါသနည်း" မေးလျှောက်လေသည်။

"ငါ့ရှင်လက္ခဏ၊ သည်ပြဿနာကို ဖြေဖို့ အခါမဟုတ်သေး၊ မြတ်စွာ ဘုရား ရှေ့တော်ရောက်မှ မေးပါ ငါ့ရှင်"

ဤနေရာတွင် ဤအကြောင်းကို မဖြေကြားခြင်းမှာ အကြောင်းရှိ လိမ့်မည်ဟု အရှင်လက္ခဏ နားလည်တော်မူ၏။ ထို့ကြောင့် ဆက်လက် မမေး လျှောက်တော့ပါ။ ကိုယ်တော်ကြီး၏ နောက်တော်ပါးမှ လိုက်ပါလျက် ရာဇဂြိုဟ် မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၏။

အရှင်နှစ်ပါးသည် ဆွမ်းခံရာမှ ပြန်လာပြီးနောက် ဆွမ်းစားဇရပ်၌ ဆွမ်းဘုဉ်းပေးသည့်ကိစ္စ ပြီးစီးသောအခါ မြတ်စွာဘုရားထံတော်ပါးသို့ ချဉ်းကပ် ကြသည်။ မြတ်စွာဘုရား၏ ထံတော်ပါး၌ အခြားရဟန်းတော်များလည်း တဖွဲဖွဲ ရောက်ရှိ စုဝေးနေကြပြီ။

သံဃာတော်များသည် ငြိမ်သက်စွာ ထိုင်လျက် မြတ်စွာဘုရားအား ရိုသေစွာ ရှိခိုးနေကြသည်။ အရှင်လက္ခဏလည်း မေးလျှောက်ရန် အချိန်သင့်ပြီ သဘောရသဖြင့် မေးလျှောက်တော့သည်။

"ငါ့ရှင်မဟာမောဂ္ဂလာန်ဟာ ဂိဇ္ဈကုဋ်တောင်က အဆင်းမှာ ပြုံးတော် မူခဲ့ပါတယ်။ ငါ့ရှင် ပြုံးရယ်ခြင်းရဲ့ အထောက်အပံ့ဟာ ဘာများပါလိမ့်၊ သိပါရစေ ဘုရား"

mgyoe.com

"ငါ့ရှင် လက္ခဏ၊ ဂိဇ္ဈကုဋ်တောင်က အဆင်းမှာ ငါ ပြုံးရယ်တာဟာ ကောင်းကင်မှာ သွားနေတဲ့ အရိုးစုပြိတ္တာကို မြင်လို့ပဲ"

အရိုးစုပြိတ္တာ ဟူသည် အရိုး၊ အရေ၊ ဆံပင်၊ မွေးညင်း ဟူ၍ မပါ၊ အရိုးခေါင်းကြီး သွားအဖြဲသား နံရိုးအကျဲသားနှင့် သွားနေခြင်း ဖြစ်သည်။

"အဲဒီ အရိုးစုပြိတ္တာကို ကျီးတွေ စွန်တွေ လင်းတတွေက ဝိုင်းအုံလိုက်ပြီး နံရိုးကြားကို ထိုးဆွကြ၊ ထိုးဆိတ်ကြတယ်။ ပြိတ္တာဟာ နာကျင်လွန်းလို့ မချိမဆံ့ အော်တယ်။ ဩော်… ဒီလိုပြိတ္တာ ရှိသကိုး၊ ဒီလို အတ္တဘောကို ရသူလည်း ရှိသေးသကိုးလို့ တွေးမိတဲ့အတွက် ပြုံးမိတယ် ငါ့ရှင်"

အရှင်မဟာမောဂ္ဂလာန်သည် အရှင်လက္ခဏ မေးလျှင်မေးချင်း မဖြေခဲ့ခြင်းမှာ ဤအကြောင်းကြောင့်ပင် ဖြစ်၏။ မြတ်စွာဘုရား၏ ရှေ့တော်တွင် အခြားသော ရဟန်းများပါ ကြားကြရမှသာ ထိုပြိတ္တာ ရှိကြောင်း ထင်ရှားမည် ဖြစ်၏။

အရှင်မဟာမောဂ္ဂလာန်ပင် မြင်နိုင်သေးလျှင် မြတ်စွာဘုရားမှ ထို့ထက်စောစီးစွာကပင် မြင်ခဲ့ပြီး ဖြစ်တော်မူရမည်။ မြင်ခဲ့ပြီး ဖြစ်ပါလျက် ထိုပြိတ္တာအကြောင်းကို မြတ်စွာဘုရား မိန့်တော်မမူဖူးခြင်းမှာ မည်သည့်အကြောင်းကြောင့်နည်း။

သို့ကြောင့် မြတ်စွာဘုရား၏ ရှေ့တော်တွင် အမေးခိုင်းပြီး ဖြေကြားခြင်းဖြစ်၏။

ထိုအခါ မြတ်စွာဘုရား၏ ရွှေခွန်းတော်သံကို ကြားရပေပြီ။

"ရဟန်းတို့… တပည့်သာဝကတို့သည် စင်စစ် မျက်စိအမြင် ရှိကုန်သည် ဖြစ်၍ နေကြပေသည်တကား"

"ရဟန်းတို့… တပည့်သာဝကတို့သည် ဉာဏ်အမြင်ရှိသည် ဖြစ်၍ နေကြပေသည်တကား။ အကြင်သို့သော တပည့်သာဝက စင်လျက် ဤသို့သော သတ္တဝါကို သိလည်း သိနိုင်တုံဘိ၏။ မြင်လည်း မြင်နိုင်တုံဘိ၏။ သက်သေကိုသော်လည်း ပြုနိုင်တုံဘိ၏"

မြတ်စွာဘုရားသည် ရှင်မဟာမောဂ္ဂလာန်၏ စကားကို လက်ခံတော်မူသည့် စကားအား ဆိုမြွက်တော်မူပြီးမှ ဆက်လက် မိန့်တော်မူ၏။

"ရဟန်းတို့၊ ရှေးကပင် ထိုသတ္တဝါကို ငါ မြင်ခဲ့ဖူးပြီ။ သို့သော်လည်း ငါသည် မပြောဆိုခဲ့ပေ။ ထိုအကြောင်းကို ပြောဆိုခဲ့ပါမူ သူတစ်ပါးတို့သည်

mgyee.com

mgyoe.com  SAMPLE BOOK 

ငါ့အား မယုံကြည်နိုင်ကြပေရာ၊ ငါ့ကို မယုံကြည်သူတို့အား ထိုမယုံကြည်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားမဲ့ခြင်းဌာ ဆင်းရဲခြင်းဌာ ဖြစ်လေရာ၏”

ရဟန်းနှစ်ပါး အတူကြွလာပါလျက် အရှင်လက္ခဏ မမြင်၊ အရှင်မဟာမောဂ္ဂလာန်သာ မြင်ရသည်။ မြင်နိုင်သော အဘိညာဉ်ရှိသော ပုဂ္ဂိုလ်မှသာ မြင်နိုင်သည်။

မြတ်စွာဘုရား၏ လက်ထက်တော်တွင် မိစ္ဆာဒိဋ္ဌိဂိုဏ်းပေါင်းစုံ ရှိသည်။ သူတစ်ပါး မမြင်သော အရိုးစုပြိတ္တာအကြောင်းကို မြတ်စွာဘုရား ဟောကြားမိပါက ကိုယ် ညွှသည်ကို ကိုယ် မမြင်သူများက မြတ်စွာဘုရားအား မုသာဝါဒဖြင့် စွပ်စွဲကြတော့မည်။ မှားသော အယူရှိသူများက စွပ်စွဲပုတ်ခတ်ကြတော့မည်။

စွပ်စွဲပုတ်ခတ်သံ၊ ရှုတ်ချ ပြစ်တင်သံ လှိုင်းဂယက်သည် သမ္မာဒိဋ္ဌိနယ်ပယ်သို့ပါ ရိုက်ခတ်လာမည်။ သံသယဝင်လာကြမည်။ မြတ်စွာဘုရားအား အထင်မှားကြတော့မည်။ ထိုသို့ အထင်မှားသူတွေ အပြစ် ဖြစ်ချေမည်။

သို့ကြောင့် မြတ်စွာဘုရားသည် မြွက်ဟတော်မမူခဲ့။ မိမိနည်းတူမြင်သူ ပေါ်လာသောအခါကျမှသာ ထုတ်မြွက်တော်မူခြင်း ဖြစ်၏။

မြတ်စွာဘုရား၏ စကားတော်မှာ မဆုံးသေးပါ။

“ရဟန်းတို့၊ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်ပြည်၌ပင် နွားသတ်သမားဖြစ်ခဲ့ဖူးပြီ။ ထိုသတ္တဝါသည် ထိုကံ၏အကျိုးဖြင့် များစွာသော နှစ်တို့ပတ်လုံး၊ များစွာသော နှစ်အရာတို့ပတ်လုံး၊ များစွာသော နှစ်အထောင်တို့ပတ်လုံး၊ များစွာသော နှစ်အသိန်းတို့ပတ်လုံး ငရဲ၌ ကျက်ခဲ့၍ ထိုကံ၏ အကျိုးကြွင်းဖြင့်လျှင် ဤသို့သော အတ္တဘောကို ရရှိခံစားနေရ၏”

## ရင်တွင်း ခေါင်းပေါက်သော ပြိတ္တာ

ပြိတ္တာတွင် သတ်မှတ်ချက် မရှိပေ။ ဤမကောင်းမှုကြောင့် ငရဲခံခဲ့ပြီးနောက် ဤကဲ့သို့သော ပြိတ္တာဖြစ်ရသည်ဟု ပုံသေ မရှိပါ။ အရိုးစုပြိတ္တာ၏ ရှေးမကောင်းမှုကံသည် နွားသတ်သမား ဖြစ်၏။ အသားတစ်ပြိတ္တာ၏ မကောင်းမှုကံ အကြောင်းရင်းမှာလည်း နွားသတ်သမားပင် ဖြစ်သည်။

အရှင်မဟာမောဂ္ဂလာန် မြင်တော်မူသဖြင့် မြတ်စွာဘုရား၏ ရှေ့တော်တွင် အရှင်လက္ခဏ မေးလျှောက်၍ ရှေးမကောင်းမှုကို မြတ်စွာဘုရား မိန့်ကြားမှ သိရသော ပြိတ္တာပေါင်းများစွာ ရှိ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ယင်းတို့မှာ-

ငှက်သတ်မုဆိုးဘ၀မှ လာသော အသားတုံးပြိတ္တာ။

ဆိတ်သတ်သမားဘ၀မှ လာသည့် အရေမရှိသော ယောကျ်ား ပြိတ္တာကြီး။

ဝက်သတ်သမားဘ၀မှ လာသည့် သန်လျက် အမွေးပေါက်သော ယောကျ်ားပြိတ္တာ။

သားသတ်သမားဘ၀မှ လာသည့် ရှိုးရှိုးအမွေးအမှင် မပေါက်၊ လှံတွေ ပေါက်နေသော ယောကျ်ားပြိတ္တာ။

တစ်ကိုယ်လုံးတွင် အမွေးအဖြစ် မြားတွေ ပေါက်နေသော ပြိတ္တာ။ လက်မရွံ့အာဏာသားဘ၀မှ လာသည်။

အပ်အမွေးပေါက်သော ပြိတ္တာ။ ရထားထိန်းဘ၀မှ လာသည်။

ထူးဆန်းသော အပ်မွေးပြိတ္တာ။ ကုန်းတိုက်သူဘ၀မှ လာသည်။

ရေအိုးလောက်ရှိသော ဝှေးစေ့ကြီးကို နေရာတကျ မထားနိုင်သဖြင့် ပခုံးပေါ် ထမ်းသွားရပြီး ယင်းအပေါ်တွင်မှ ထိုင်ရသော ပြိတ္တာ။ ကောက်ကျစ် သော တရားသူကြီးဘ၀မှ လာသည်။

မစင်တွင်း၌ ဦးခေါင်းပါ မြုပ်နေသော ပြိတ္တာမှာ သူတစ်ပါးမယားကို လွန်ကျူးသူ ဖြစ်၏။

မစင်တွင်း၌ မြုပ်နေရုံမက၊ ကျုံး၍ ကျုံး၍ စားနေသော ပြိတ္တာ။ ကဿပမြတ်စွာဘုရား၏ တပည့်သားသံဃာတော်များအား မစင်ဖြင့် ဧော်ကားခဲ့ သော ပုဏ္ဏားပျက်။

အရေခွံ မရှိသော မိန်းမပြိတ္တာမှာ လင်ငယ်နေသောမိန်းမ ဖြစ်ခဲ့၏။

အနံ့မကောင်း အရုပ်ဆိုးသော ပြိတ္တာမ။ ရှေးမကောင်းမှုကံမှာ နတ်ကတော်လုပ်မှု ဖြစ်သည်။

မီးကျီးပုံ၌ လူးနေသော ပြိတ္တာမသည် ကလိင်္ဂမင်း၏ မိဖုရားခေါင်ကြီး ဖြစ်၏။

ခေါင်းမပါ၊ ကိုယ်သာ ရှိ၍ မျက်လုံးနှင့် ပါးစပ်တို့ ရင်ဘတ်တွင် ပေါ်နေသော ပြိတ္တာထူးမှာ ခိုးသူသတ်ယောကျ်ား ဟာရိက ဖြစ်၏။

ဒုကုဋ်သပိတ် ခါးပန်းကြိုးတို့ မီးတောက်နေသော ရဟန်းပြိတ္တာမှာ ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ရဟန်းယုတ် ဖြစ်ဖူးသူပင်။

mgyoe.com

mgyoe.com SAMPLE BOOK

ရဟန်းမိန်းမ ဖြစ်စဉ်က ယုတ်သောအကျင့် ကျင့်မိ၍ ဒုက္ခ၌ မီးလောင်နေသော ပြိတ္တာမ။

ဒုက္ခမီးလောင်နေသော သိက္ခမာန်ပြိတ္တာမ၊ သာမဏေပြိတ္တာ၊ သာမဏေရီ ပြိတ္တာ ဟူ၍ စုစုပေါင်း ပြိတ္တာ ၂၁ ဦး ဖြစ်ပေသည်။

လှံမွေး၊ မြားမွေး၊ သန်လျက်မွေး ပေါက်နေသော ပြိတ္တာများမှာ ရိုးရိုးပေါက်နေခြင်း မဟုတ်။ ထိုအမွေးတွေက အပေါ်သို့ ပျံတက်သည်။ ကိုယ်ပေါ် ကျပြီး စူးဝင်သည်။ အပ်မွေး ပြိတ္တာဆန်းမှာကား အပ်များသည် ရင်မှ ထွက်၏။ ရင်မှ ဝင်၍ ဝမ်းဗိုက်၊ ဝမ်းဗိုက်မှ စ၍ ပေါင်၊ ပေါင်မှ ပေါင်ဝင်၍ ခြေသလုံး၊ ခြေသလုံးမှ စ၍ ခြေဖဝါးမှ ထွက်လာတော့သည်။

ထို့ကြောင့် မိုက်မဲသော သူယုတ်တို့၏ မကောင်းမှုအကျိုးပေးကား မကြံစည်နိုင် မတွေးဆတတ်အောင် ဆန်းပြားဆိုးရွား၏။

ထိုပြိတ္တာများသည် သေကောင်ပေါင်းလဲ အော်ဟစ်ရင်း ကောင်းကင်၌ သွားနေကြရာ ဝေးစေ့ကြီး ထမ်းပြေးနေသော ပြိတ္တာထူး၏ အော်သံမှာ-

'နောက်ကို လာဘ်မစားတော့ပါဘူး။ နောက်နောင် နှစ်ဖက် လာဘ်စားပြီး ဆွဲမထားတော့ပါဘူး။ ငွေမရှိသူ ရှုံးအောင် မလုပ်တော့ပါဘူး။ အမှန်အကန် လုပ်ပါတော့မယ်'

ဟူ၍များ ဖြစ်နေချေမည်လားဟု ခန့်မှန်း ရမ်းဆကြည့်မိပါသည်။

စာညွှန်း။ ။နိဒါနဝဂ္ဂသံယုတ် ပါဠိတော် မြန်မာပြန်။
(အဋ္ဌိသုတ်၊ပေသိသုတ်၊ ပိဏ္ဍိသုတ်၊ နိစ္ဆဝိသုတ်၊ အသိလောမသုတ်၊ သတ္တိ၊ ဥသုလောမ၊သူစိလောမ ပန္နင့်ဒု။ ကုမ္ဘဏ္ဍ၊ သသီသက၊ ဂူထခါဒ၊ နိစ္ဆဝိတ္ထိ၊ မင်္ဂုလိတ္ထိ၊ ဩကိလိနီ၊ အသီသက၊ ပါပဘိက္ခု၊ ပါပဘိက္ခုနီ၊ ပါပသိက္ခမာန၊ ပါပသာမဏေရ၊ ပါပသာမဏေရီ သုတ်များ)

*မြတ်ပန်းရဂုံ၊ ၁၉၉၅၊ ဖေဖော်ဝါရီ*

□

mgyoe.com

mgyoe.com SAMPLE BOOK

# တန်ခိုးကြီးသော မောရသုတ်ပရိတ်တော်

**ကိုယ်တွေ့ပရိတ်တော်တန်ခိုး**

"ကျွန်တော် ငယ်ငယ်တုန်းကပေါ့ဗျာ"

တစ်နေ့တွင် ကိုကြည်အေးနှင့် ဆုံမိသဖြင့် ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြရာက ပရိတ်ကြီးတစ်ဆယ့်တစ်သုတ်အကြောင်းသို့ ရောက်သွားသည်တွင် သူ၏ ကိုယ်တွေ့ ခန္ဓသုတ်ပရိတ်တော်ကြီးအကြောင်းသို့ ရောက်သွား၏။ ထိုစကားကို ဆက်လျက် ကိုကြည်အေးက စကားစလိုက်ခြင်း ဖြစ်ပေ၏။

"ငယ်ငယ်တုန်းက ဆိုပေမယ့် ၁၂ နှစ်သား၊ ၁၃ နှစ်သားလောက်တော့ ရှိပြီထင်သဗျာ့။ ပဉ္စမတန်းကိုး။ အတန်းကျောင်းကို ဟိုတုန်းကတော့ လောကဓာတ်ကျောင်းလို့ ခေါ်သဗျာ့"

ကိုကြည်အေး ဆိုလိုသော ကာလမှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရန်အတွက် ဥရောပတွင် အရှိန်ယူနေချိန် ဖြစ်ပေသည်။

"ဘုန်းကြီးကျောင်း မဟုတ်ပေမယ့် အဖိတ်နေ့ နေ့တစ်ဝက်နဲ့ ဥပုသ်နေ့မှာ တစ်နေ့လုံး ကျောင်းပိတ်သဗျာ့။ အဖိတ်နေ့ နေ့တစ်ဝက်မှာလည်း ဘာသာရေးစာတွေ သင်ရသဗျာ့"

"နမူနာလေး မှတ်မိရင် တစ်ပုဒ်လောက်"

mgyoe.com

mgyoe.com

"အကုသိုလ်ဆယ်ပါး၊ မပွားဒုစရိုက်၊ ကိုယ်၌မီးကြီး၊ ဖျက်ဆီးတတ်ပြား၊ အဲ- ရှေ့ဆက်တာတော့ မေ့နေပြီဗျာ"

ကိုကြည်အေးသည် ရယ်သွမ်းသွေးလိုက်ရာ-

"ပြောချင်တာကတော့ ဘာသာရေးနဲ့ မစိမ်းတဲ့ အကြောင်းပါပဲ၊ မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရတနာရွှေချိုင့်နဲ့ နမက္ကာရ ပါတဲ့ ငါးစောင်တွဲကို လေးတန်းအထိ သင်ရတယ်။ ဒါပေမဲ့ ကျန်တဲ့ ပရိတ်တော်ကြီး ဆယ်သုတ်နဲ့ မရင်းနှီးဘူး" ဟူ၍ စကားကို အနားလုံးသည်။

'ကျွန်တော် ငယ်ငယ်တုန်းက' ဟု အစချီထားသဖြင့် သူ့စကား မဆုံးသေးပါ။ သူ ဆေးလိပ် မီးညှိသည်ကို စိုက်ကြည့်ရင်း စကားအဆက်ကို စောင့်နေမိပေသည်။ ဆေးလိပ် သုံး လေးဖွာ ဖွာအပြီးတွင် ထင်သည့်အတိုင်း စကားဆက်လာပါသည်။

"မင်္ဂလသုတ်မှ အပဖြစ်တဲ့ ပရိတ်တော်ကြီးတွေနဲ့ မရင်းနှီးတဲ့အတွက် အဒေါ်ယောက်ျား ဦးလေးစော ညအိပ်ရာဝင်ခါနီးတိုင်း ရွတ်ဖတ်သရဇ္ဈာယ်တဲ့ မောရသုတ် ပရိတ်တော်ကြီးကို မသိဘူးလေ။ မသိပေမယ့် ဦးလေးစောက အိပ်ရာဝင်ခါနီးမှာ အနောက်အရပ်ကို လှည့်ပြီး ရှိခိုးတော့ သတိထားမိတာပေါ့"

မောရသုတ် ပရိတ်တော်မှာ ၆ ပိုဒ် ရှိပါသည်။ ပထမနှစ်ပိုဒ်မှာ မြတ်စွာဘုရားအလောင်းတော် ရွှေဒေါင်းမင်းသည် ဤပရိတ်တော်ကို အိပ်တန်းဆင်း၊ အိပ်တန်းတက် ရွတ်ခဲ့သောကြောင့် ရန်သူဘေးမှ နှစ်ပေါင်း ခုနစ်ရာတိုတိ လွတ်ခဲ့၏။ ထိုပရိတ်တော်ကို ရွတ်ကြကုန်အံ့ဟု ချီးထား၏။ ကျန်လေးပိုဒ် အနက် ရှေ့နှစ်ပိုဒ်သည် အိပ်တန်းဆင်း၊ နောက်ဆုံး နှစ်ပိုဒ်သည် အိပ်တန်းတက်၌ ရွတ်သော ပရိတ်တော်များ ဖြစ်၏။ ဦးလေးစောသည် နောက်ဆုံး နှစ်ပိုဒ်ကို အိပ်ရာဝင်ခါနီး၌ ရွတ်ဆိုရှိခိုးခြင်း ဖြစ်ဖွယ်ရှိပေ၏။

"ကျွန်တော်လည်း ဘာလုပ်တာပါလိမ့်၊ ဘာပါလိမ့် တတွေးတွေးနဲ့ တွေးနေရာက တစ်နေ့ အေးအေးဆေးဆေး ရှိတော့မှ မေးမိတာကိုး။ ဒီအခါကျ တော့မှ ဦးလေးစောက သူ့ကိုယ်တွေ့ကို ပြောပြတာကလား"

**ပထမအကြိမ် သူခိုးဝင်ပုံ**

ကိုကြည်အေးတို့ လက်ရှိ နေထိုင်သော လေးပင်အိမ်ကြီး၏ အရှေ့ဘက်တွင်လမ်း ရှိသည်။ လမ်း၏အရှေ့ဘက်၌ အုန်းလေးဖက်ချ မူလတန်းကျောင်း

mgyoe.com

mgyoe.com SAMPLE BOOK

ရှိသည်။ ဦးလေးစောတို့ ထိုကျောင်းလေးတွင် နေကြစဉ်က တစ်ညဥ့်တွင် ဖြစ်သည်။ ယခု ဖော်ပြမည့် အကြောင်းအရာ ဖြစ်ပွားစဉ်က ထိုမိသားစုသို့ ကိုကြည်အေး ရောက်မလာသေးပေ။

ထိုနေ့ညက ဦးလေးစောသည် ညဥ့်နက်မှ အိပ်ရာဝင်ခဲ့သည်။ သူ အိပ်မောကျပြီး မကြာမီ သူ့ယောက္ခမ တစ်ရေးနိုးသည်။ အပြင်ထွက်သည်။ ပြန်ဝင်လာသောအခါ တံခါးကို ပြန်မပိတ်ဘဲ အိပ်ရာထဲ ဝင်သွားသည်။ သူခိုး အတွက် ဝမ်းသာစရာကြီးပါပေ။

ထိုအချိန်တွင် ဦးလေးစောမှာ အိပ်မက် မြင်မက်နေ၏။ အိပ်မက်မှာ အိမ်ထဲသို့ သူခိုး ဝင်လာသည်ဟူ၍ ဖြစ်နေ၏။ ဦးလေးစော လန့်နိုးသည်။

'သူခိုး၊ သူခိုး' အော်သည်။ လူးလဲထသည်။ သူခိုးလည်း ဆွဲလွဲထားသော အဝတ်တွေ ယူကာ တစ်ဟုန်ထိုးအပြေးတွင် တံခါးရွက်ကို အရှိန်ပြင်းစွာ ဝင်ဆောင့်ပြီး ပက်လက်လန် လဲကျသွားလေ၏။

သူခိုးမှာ နာလည်း နာ၊ အဖမ်းလည်းခံရပြီး ပြဿနာကြီးဖြင့် ထောင်ထဲသို့ ဝင်သွားရရှာ၏။ သူခိုးတွင် ဖြစ်ပေါ်နေသော ပြဿနာကြီးမှာ 'ငါ တံခါး ဖွင့်ထားပါရက်နဲ့ ဘယ်သူ လာပိတ်သတုံး' ဟူ၍ ပါပေတည်း။

ဦးလေးစောမှာ သူခိုးအကြောင်းကို မေ့မေ့ပျောက်ပျောက် နေခဲ့ပြီး တစ်လမျှအကြာတွင် ကျောင်းသားမိခင်တစ်ဦး ရောက်လာသည်။ ရောက်လာရသည့် အကြောင်းအရင်းမှာ သူခိုးကိစ္စ ဖြစ်သည်။

သူခိုးသည် ထောင်ထဲ ရောက်သည်အထိ မကျေနပ်။ အိမ်ရှင် နိုးလျှင် ပြေးလမ်းသာစေရန် အသင့်ဖွင့်ထားခဲ့သော တံခါးပေါက် ပိတ်နေသည့်အတွက် မကျေနပ်။ ထိုမကျေနပ်မှုကို စကားစပ်မိသူတိုင်းအား ပြောပြနေသည်။ ထိုသို့ ပြောပြနေကြောင်းကို ယမန်နေ့က ထောင်မှ ထွက်လာသူတစ်ဦးထံမှ တစ်ဆင့် ကြားရသဖြင့် ကျောင်းသားအမေက လာရောက်သတိပေးခြင်း ဖြစ်သည်။

ဦးလေးစောမှာ အလွန်ကျေနပ်နေသည်။ ပရိတ်မေတ္တာ ဘာဝနာ ရွတ်ဖတ်ပွားများပြီးမှ အိပ်လေ့ရှိရာ ဘေးရန်လုံခြုံရေးသည် မောရသုတ် ပရိတ်တော်သာ ဖြစ်သည်ဟု ယုံကြည်၏။ သို့ကြောင့် သဒ္ဓါတရား ဆတက်ပွားများ ကြည်ညို မိလေ၏။

"ဒုတိယအကြိမ်ကျတော့ ပိုပြီးဆန်းသဗျ။ အဲဒီအခါမှာတော့ ကျွန်တော် လည်း ရောက်နေပြီဗျ။ အနောက်ဘက်က အိမ်ကြီးကိုလည်း ရောက်နေပြီ။

mgyoe.com SAMPLE BOOK

အိမ်က ခြေတံရှည်အိမ် ဖြစ်တဲ့အတွက် ဆေးပုတ်တွေ ဝယ်ပြီး အိမ်အောက်မှာ လှောင်ထားတယ်''

ကိုကြည်အေးက သူ့ကိုယ်တွေ့ကို ဆက်လက်ပြောပြသည်မှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

ဒုတိယအကြိမ် သူခိုးဝင်ပုံ

ကိုကြည်အေးတို့ အိမ်ဝင်းမှာ ဝါးခြမ်းပြားကို ကပ်ရက်ပြီး လေးဖက်လေးတန် ကာရံထား၏။ သို့ရာတွင် သူခိုးဝင်လမ်းမှာ အခြားအိမ်ဝိုင်းများထက် ပိုကဲ၏။ အကြောင်းမူ လမ်းသုံးလမ်း ညှပ်ရံထားသဖြင့် ဖြစ်ပေ၏။

အိမ်ရှေ့တွင် လမ်းမကြီး၊ အိမ်၏ ကျောဘက်တွင် နောက်ဖေးလမ်းကြားနှင့် အရှေ့ဘက်တွင် လမ်းငယ် ရှိသည်။ ထိုမှတစ်ဖန် ရက်ထားသော ဝါးခြမ်းများမှာ ကြာညောင်းသောအခါ မတောင့်တင်းတော့ပေ။ အောက်ခြေမှ တွန်းဖယ်ပြီး တိုးဝင်လျှင် ရနိုင်သော အခြေသို့ ဆိုက်ရောက်လာသည်။

သို့အတွက် တစ်ခုသော လမိုက်ညတွင် အိမ်ဝင်းထဲသို့ သူခိုး ရောက်လာသည်။ သူခိုးသည် တစေ့တစောင်း အကဲခတ်ထားပြီး ဖြစ်သဖြင့် မီးဖိုဆောင်မှ ထရံများ ဆွေးနေကြောင်း သိသည်။ သို့သော် လှေကားထောင်ပြီး တက်မှဖြစ်မည်။ သို့အတွက် အိမ်ရှေ့မန်ကျည်းပင်၌ ထောင်ထားသော ဝါးလှေကားကို ယူသည်။ မီးဖိုဆောင်ကို ထောင်တက်သည်။ လေးထစ်တက်အပြီးတွင် ထရံကို လက်လှမ်းမိပြီ။ ထရံကို အသာအယာ ဖွဲ့ရွဲနေစဉ် လှေကားထစ် ပြုတ်ကျသည်။ လှေကားထစ်ရိုက်သောသံနှင့် ခြစ်မိရာ စပါးလုံး တစ်ထောက်ခန့်နက်သော တစ်တောင်ခန့် ရှည်သည့် ဒဏ်ရာရသွားသည်။

ရှေးကျသောသူခိုး ဖြစ်ပါက နိမိတ်မကောင်းဟု ဆိုကာ တပ်ခေါက်ပြန်ပေလိမ့်မည်။ သည်သူခိုးကား ကြွှောင်နေသဖြင့် မပြန်။ ဆွေးနေသော ဝါးခင်းကြမ်းကို ဖောက်ဝင်မည်ဟု စိတ်ကူးကာ အုတ်ခဲတွေ စုပုံသည်။

သို့စဉ်တွင် ဒဏ်ရာက နာကျင်လာသည်။ တွေ့ရာ အဝတ်တွေဖြင့် စည်းနှောင်သည်။ အုတ်ခဲပေါ် တက်သည်။ ခြေမျက်စိမှ ပူခနဲ ဖြစ်သွားသဖြင့် လက်ဖြင့် ပွတ်သည်။ ရှည်လျားသော အကောင်တစ်ကောင်က ဖမ်းပတ်သည်။ ကိုက်သည်။

သူခိုး လက်လျှော့လိုက်ပြီ။ ဆေးဆရာထံသို့ အမြန်ပြေးတော့သည်။ ကိုကြည်အေးတို့မှာ လှေကားကျိုးနှင့် အုတ်ခဲပုံကို တွေ့သဖြင့် သူခိုး ကပ်ကြောင်း

mgyoe.com

mgyoe.com SAMPLE BOOK

သိသည်။ သို့တစေ သူခိုး ဒဏ်ရာရကြောင်း၊ မြွေခဲခံရကြောင်းကား မသိပေ။ သူခိုးကိုယ်တိုင် လာရောက်ဝန်ချ ရှိခိုးတောင်းပန်တော့မှ သိသည်။

သူခိုးက…

"ကျွန်တော် ခိုးစားလာတာ ကြာပါပြီ ဆရာရယ်။ ဟဲ့ခွေးလို့ အငေါက်ခံရရင်တောင် လှည့်ပြန်နေကျပါ။ အဲဒီညက ဘယ်လိုက ဘယ်လို ဖြစ်တယ် မသိပါဘူး ခင်ဗျာ" ဟု ဖွင့်ဟညည်းတွားသည်။

ကိုကြည်အေးတို့ အိမ်သားများမှာ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီနေသော သူခိုးအား တအံ့တသြကြည့်နေကြ၏။

"တစ်ခါမှ ဒီလို မဖြစ်ဖူးပါဘူး ခင်ဗျာ။ ဆရာ့မှာ ဆေးကောင်းဝါးကောင်း ရှိရင် တပည့် သားမြေးလို သဘောထားပြီး စွန့်ကြပါ ခင်ဗျာ။ ဒီအလုပ်ကိုလည်း ပါတုပေတံ အသက်ထက်ဆုံး စွန့်လိုက်ပါပြီ ဆရာ"

"ဘာဆေးဝါးမှ မရှိပါဘူးဗျာ၊ ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်တယ်။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး စောင့်ထိန်းတယ်။ ခင်ဗျား အခုလို ဖြစ်ရတာကတော့ မောရသုတ်ပရိတ်တော်ရဲ့ အာနိသင် ဖြစ်ပါလိမ့်မယ်"

ကိုကြည်အေးသည် "တကယ်ပဲဗျာ၊ သူခိုးကသာ လာမပြောရင် ကျွန်တော်တို့ သိရမှာ မဟုတ်ဘူး။ သူခိုးကိုယ်တိုင် မယုံကြည်နိုင်စရာ ထူးဆန်းတဲ့ အဖြစ်ကို လာပြောလို့ သိရတာ။ သိတော့မှ တအံ့တသြ ဖြစ်ကြရတာဗျို့" ဆိုစကားဖြင့် အဆုံးသတ်သည်။

ကိုကြည်အေးထံမှ စကားဆက်မလာမီ မောရသုတ် ပရိတ်တော်၏ အတ္ထုပ္ပတ္တိသို့ အာရုံရောက်သွားမိပါသည်။

**မောရသုတ်၏ အတ္ထုပ္ပတ္တိ**

ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်၏ မိဖုရားခေါင်ကြီးသည် မောရဂီဝါ ရွှေဥဒေါင်းမင်း၏ တရားကို နာကြားရသည်ဟု အိပ်မက် မြင်မက်၏။ သို့ကြောင့် မိဖုရားကြီးက ရွှေဥဒေါင်းမင်း၏တရားကို နာလိုပါသည်ဟု ပူဆာသည်။ ဘုရင်လည်း တောထဲသို့ မုဆိုးများကို စေလွှတ်ကာ အဖမ်းခိုင်းလေသည်။ ဘုရားလောင်း ရွှေဥဒေါင်းမင်းကား အိပ်တန်းဆင်း ဥဒေတယံ၊ အိပ်တန်းတက် အပေတယံ ဂါထာများကို ရွတ်ဆိုသဖြင့် မုဆိုးတို့၏ အန္တရာယ်မှ လွတ်ကင်းနေသည်။

mgyoe.com SAMPLE BOOK

ပြည့်ရှင်မင်း၏ မိဖုရားကြီးမှာ ရွှေဥဒေါင်းမင်း၏ တရားတော်ကို ချင်ခြင်းတပ်ရင်း ထိုစိတ်ဖြင့် ကွယ်လွန်ခဲ့သည်။ ဗြဟ္မဒတ်မင်းမှာ ဆွေ့ဆွေ့ခုန်အောင် အမျက်ဒေါသပွား၏။

'ဘာမဟုတ်တဲ့ ဒီငှက်ကြောင့် ငါ့မိဖုရားကြီး ဆုံးရှုံးရတယ်၊ သိကြရောပေါ့ကွာ' ဟု ကြုံးဝါး၏။

မင်းတစ်ဆက် မဟုတ်လျှင် နောက်မင်းတစ်ဆက်ဆက် လက်ထက်တွင် ထိုဥဒေါင်းကို ဖမ်းဆီးရမိ သတ်ဖြတ်နိုင်စေရန်၊ မမှန်မကန် ကမ္ပည်းမှတ်တမ်း ရေထိုးထားခဲ့သည်။

ကမ္ပည်းစာတွင် 'ဤမည်သောအရပ်၌ ထိုအမည်ရှိသော ဥဒေါင်းတစ်ကောင် ရှိသတတ်။ ထိုဒေါင်း၏ အသားကို စားပါက နာဖျားအိုသေကင်းလတ္တံ့။ ဦးခေါင်းကိုစားလျှင် စကြာမင်း ဖြစ်လတ္တံ့'ဟူ၍ ရေးထားခဲ့၏။

နောက်မင်းများသည် စာလိမ်စာညာကြီးကို အဟုတ်မှတ်ကာ ဥဒေါင်းမင်းကို ဖမ်းရန် ကြိုးစားကြသည်။ ဖမ်းရန် တာဝန်ကျသော မုဆိုးများမှာ ဘစ်နှေးသော် မိနိုး၊ တစ်လသော် မိနိုး စောင့်ဆိုင်းအားထုတ်ရင်း သေကုန်ကြသည်။ မင်းခြောက်ဆက်တိတိ ထိုရွှေဥဒေါင်းမင်းကို ဖမ်းမမိကြချေ။

သတ္တမမင်း လက်ထက်သို့ ရောက်သောအခါ ဆက်လက်ဖမ်းပြန်သည်။ ဒေါင်းဖမ်း တာဝန်ကျသော မုဆိုးသည် ပညာရှိ ဖြစ်၏။ ရှေ့မင်းများလက်ထက်က မုဆိုးများ၏ ဆုံးရှုံးမှုကို လေ့လာသည်။ သို့အတွက် ကောင်းစွာသင်ကြားထားသော ဒေါင်းမကလေးကို တောထဲသို့ ခေါ်သွားသည်။ ဒေါင်းမင်းအိပ်တန်းဆင်းချိန်တွင် ဒေါင်းမကလေးက တွန်သံပေး၏။ မ,သံ ကြားသောအခါ ဘုရားလောင်း ရွှေဒေါင်းမင်း ဖြစ်စေကာမူ ပရိတ်အရံအတားကို မေ့လျော့ချေပြီ။ ရာဂမီးဖမ်းလျက် တစ်ဟုန်ထိုး ပြေးအလာ၌ ညွှတ်ကွင်းတွင် ကားခနဲမိလေ၏။

ပြည့်ရှင်မင်းမှာလည်း အလောင်းတော် ရွှေဥဒေါင်းမင်းနှင့် တွေ့တော့မှသာ လုပ်ကြသော စာလိမ်ကြီးပါတကားဟု သိရှာတော့သည်။

ကိုကြည်အေး၏ ဦးလေးဖြစ်သူ ဦးလေးစော အနောက်အရပ်သို့ လှည့်ပြီး ရွတ်ဆိုရှိခိုးခြင်းမှာ ဥဒေါင်းမင်းကို အတုယူ ဆောင်ရွက်ခြင်း ဖြစ်နိုင်ပေသည်။

"မောရသုတ် ပရိတ်တော်ဟာ နေမင်းကို ရှိခိုးတာပဲ မဟုတ်လားဗျ"

mgyoe.com

ကိုကြည်အေး၏ ချောင်းဟန့်လိုက်သဖြင့် မေးမိခြင်း ဖြစ်၏။

"မျှောအပ်ကုန်ပြီးသော မကောင်းမှု ရှိတော်မူကုန်ထသော အကြင် မြတ်စွာဘုရားတို့သည် အလုံးစုံသော ဥေယျခ်တရား ငါးပါးတို့ကို သိခြင်းသို့ ရောက်တော်မူကုန်ပြီ။ ထိုမြတ်စွာဘုရားတို့သည် ငါ၏ရှိခိုးခြင်းကို ခံတော်မူစေ ကုန်သတည်း။ ထိုမြတ်စွာဘုရားတို့သည် ငါ့အား စောင့်လည်း စောင့်ရှောက်တော် မူစေကုန်သတည်းတဲ့ဗျား။ စတုတ္ထပိုဒ်ရဲ့ အစမှာ"

"အင်း အင်း၊ ဒီလိုကိုး"

"ဆက်ပြီး ရှိခိုးတာ ရှိသေးသဗျ၊

ဗုဒ္ဓါနဥ္စ- မြတ်စွာဘုရားတို့အား လည်းကောင်း၊ နမော- ရှိခိုးခြင်း သည်၊ အတ္ထု- ဖြစ်စေသတည်း၊ ဗောဓိယာစ- မဂ်ဉာဏ် ဖိုလ်ဉာဏ်အားလည်း၊ နမော- ရှိခိုးခြင်းသည်၊ အတ္ထု- ဖြစ်ပါစေသတည်း၊ ဝိမုတ္တာနဥ္စ- ကိလေသာမှ လွတ်တော်မူကုန်သော ပုဂ္ဂိုလ်တို့အားလည်း၊ နမော- ရှိခိုးခြင်းသည်၊ အတ္ထု- ဖြစ်စေသတည်း။ ဝိမုတ္တိယာစ- အရိယာတို့၏ ဝိမုတ္တိငါးပါးအားလည်း၊ နမော- ရှိခိုးခြင်းသည်၊ အတ္ထု- ဖြစ်ပါစေသတည်းရယ်လို့ အများကြီး ပါပါ တယ်ဗျာ"

"ဒီတော့လည်း အန္တရာယ်ကင်းပြီပေါ့ဗျာ"

"ရတနာသုံးပါးကို ချီးမွမ်းခါမျှ၊ လက်အုပ်ချီခါမျှနဲ့တောင် များပြား တဲ့ အကျိုးကျေးဇူးတွေ ရရှိခံစားရကြောင်း ခုဒ္ဒကနိကာယ် ထေရာပဒါန်ပါဠိတော် မြန်မာပြန် ပထမအုပ်မှာ တွေ့နိုင်ပါသဗျား"

ဤကား ကိုကြည်အေးနှင့် တွေ့ခိုက် ခဏတွင် ကြားနာလိုက်ရ၊ ဆွေးနွေးလိုက်ရသော မောရသုတ်ပရိတ်တော်၏ အံ့သြဖွယ် အဖြစ်အပျက် ပါပေတည်း။

*သီလဝမဂ္ဂဇင်း၊ ၁၉၉၆၊ ဇန်နဝါရီ*

□

mgyoe.com

mgyoe.com SAMPLE BOOK

# သုံးပါးသရဏဂုံ

**ယောင်ယမ်းခါမျှဖြင့်**

ကုန်းဘောင်ခေတ်တွင် ထွန်းကားခဲ့သော အမျိုးအစားများအနက် ဆုံးမစာများလည်း ပါဝင်ပေသည်။ ဆုံးမစာများကို ဩဝါဒ ဟူ၍လည်း ခေါ်၏။ ပုတ္တဩဝါဒ သားကို ဆုံးမသောစာ။ ပုတ္တဩဝါဒတွင် ဩချေလိုက်သော အခါ ပုတ္တောဝါဒဟူ၍ ဖြစ်လာသည်။ အမစ္စောဝါဒ- အမတ်ကို ဆုံးမသော စာ၊ သီသောဝါဒ- တပည့်ကို ဆုံးမသောစာ၊ ရာဇောဝါဒ- မင်းကို ဆုံးမ သောစာ စသည်ဖြင့် ထွက်ပေါ်လာကြ၏။

သို့ရာတွင် မာတောဝါဒကား အများနှင့်မတူ တစ်မူ ကွဲလွဲသည်။ ရုတ်တရက်သော် မိခင်အား ဆုံးမသည့်စာဟု ထင်ရ၏။ ထိုသို့ ထင်ဖွယ်ဖြစ်ခြင်း သည်ပင်လျှင် အများနှင့် မတူခြင်း ဖြစ်၏။ စင်စစ်သော်ကား၊ သားရွှေခဲ ဆုံးမစာ၊ သားရွှေဥ ဆုံးမစာ၊ သားရွှေတောင် ဆုံးမစာတို့ကဲ့သို့ပင် သားကို ဆုံးမသော ဩဝါဒများသာ ဖြစ်ပေသည်။

မြန်မာနှစ် ၁၁၈၁ ခုနှစ်၌ နန်းတက်တော်မူသော ဘကြီးတော်မင်းတရား ကိုးကွယ်တော်မူဖူးသည့် ရွှေကျောင်း ဦးပညာ ဆရာတော်သည် ဆံရစ်ရွာ 'ကြိမ်ကျောင်း'၌ သီတင်းသုံးနေတော်မူ၏။ 'ရတနာသုံးဆင့် ရွှန်းလုံးတင့်ကို' အစချီသည့် အဆိုပါ မာတောဝါဒ ဆုံးမစာပျို့ကို ပြုစုတော်မူခဲ့၏။

mgyoe.com

ထိုပျို့၏ အပိုဒ် (၄) ၌-

'သနားစဖွယ်၊ ဆင်းနိကာယ်မူ၊ တင့်တယ်ရွှန်းဖပ်၊ ကြာညိုချပ်သို့၊ သပ်သပ်သွေးသွေး၊ မိခင်မွေးသည်၊ သားထွေးရွှေဥ မယ့်မျက်ရှု'ဟု အစချီပြီးနောက် ယောင်ယမ်းမှု လိမ္မာသော လူတစ်ယောက်အကြောင်းကို ဆက်လက်ဖော်ပြထားပုံမှာ ဤသို့ ဖြစ်၏။

''ရှေးထက်ကြောင်းဟန်၊ မိခင်ပြန်အုံ၊ မန္တန်မြောက်မြား၊ မြွေသမားကို၊ နဂါးမျက်အိုက်၊ ပေါက်အုံလိုက်သော်၊ ငိုက်စိုက်နောက်ဆုတ်၊ ပြေးအားထုတ်လျက်၊ ခလုတ်ထိမွမ်း၊ ခြေဖည်းရမ်းနှင့်၊ 'ဗုဒ္ဓမ်း သရဏာ'၊ ဆိုမိကာကြောင့်၊ ရှိန်ဝါ မျက်ကင်း၊ နဂါးမင်းလျှင်၊ ချစ်ပြင်းမြတ်လေး၊ ရွှေပန်းပေး၍၊ သက်မွေးရှင်ဝမ်း၊ သာငြိမ်းချမ်းသည်၊ မြွေဖမ်းသမား၊ ထိုယောက်ျားကို၊ မပြားပုံတူ၊ နည်းနာယူ၍၊ သုံးဆူဂုဏ်ရစ် ပတ်စေမင်း။''

မြွေကို အကခိုင်းသော အတတ်၌ လိမ္မာသူအား အလမ္ပာယ်ဟု ခေါ်၏။ ထိုသူများသည် မိမိ အသုံးချမည့် မြွေကို ကိုယ်တိုင် ရှာဖွေဖမ်းယူတတ်ကြ၏။ ထိုသို့ ဖမ်းယူနိုင်ရန် မြွေကိုနိုင်သော မန္တန်များကို သင်အံလေ့ကျက်ထားကြရ၏။

တစ်နေ့သောအခါ၌ ထိုကဲ့သို့သော မြွေသမားတစ်ယောက်သည် နဂါးတစ်ကောင်ကို သွားရောက်ဖမ်းယူသည်။ အခါတိုင်းကဲ့သို့ မြွေကို အာစေးထည့်သော မန္တန်များ၊ မြွေကို ချုပ်နှောင်သော ဂါထာများ ရွတ်သည်။ ရွတ်သော်ငြားမန္တန်တန်ခိုး မတိုးပါ။ နဂါးသည် ပါးပျဉ်းထောင်လျက် ထလိုက်လာတော့သည်။

အလမ္ပာယ်လည်း ကြောက်လန့်တကြား နောက်သို့ ဆုတ်သည်။ ပြေးသည်။ ခလုတ်တိုက် လဲသည်။

များစွာသော သူတို့သည် အထိတ်တလန့် ဖြစ်လျှင်သော် လည်းကောင်း၊ ခါးကို အတို့ခံရလျှင်သော် လည်းကောင်း ဖရသဝါစာများသာ ယောင်ယမ်းတတ်၏။ ဤအလမ္ပာယ်ကား ''ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ- မြတ်စွာဘုရားအား၊ သရဏံ- ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏ဘုရား'' ဟူ၍ ယောင်ယမ်းမြည်တမ်းသည်။

အသေသတ်ရန် ရည်ရွယ်လျက် ပါးပျဉ်းထောင် လိုက်လာသော နဂါးကြီးသည် ထိုအသံကို ကြားခါဓာဌ် ပါးပျဉ်းကို မြေမှာ ချ၏။ မြက်လျှော်မြွေတစ်ကောင်အလား ပြားဝပ်သည်။ မြတ်စွာဘုရား ဟူသော အသံကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

mgyoe.com

mgyoe.com

ထိုမျှသာ မကသေးပါ။ ငါသည် ရတနာသုံးပါးအား ဆည်းကပ်သော သူတော်ကောင်းကို ပြစ်မှားမိချေပြီဟု နောင်တရသည်။ နဂါး အသွင်မှ လူလင် အသွင်သို့ ပြောင်းသည်း၊ မြွေဖမ်းသမားသို့ ရွှေပန်းသုံးခိုင် ပေးကာ ရတနာ သုံးပါးအား ရည်မှန်းပူဇော် ကန်တော့လိုက်သည်။

အသံ ကြားဖူးခါမျှဖြင့်

ထိုမာတောဝါဒဆုံးမစာ အပုဒ် ၅ ၌လည်း 'နုနုထွတ်ထွတ်၊ ကြာဆန် ချွတ်သို့၊ ပန်းဝတ်မဥ္စူ သင်းနံ့ကြူသည်၊ သည်းအူရုန်သွေး မိသက်ပေး' ချီ လျက် ဆက်လက် ဆုံးမထားပုံမှာ-

'ရှေးဖြစ်သည်ချက်၊ ထပ်ဆင့်ရွက်စိမ့်၊ ကျွန်းချက်သပြေ၊ ဇမ္ဗူမြေ ထက်၊ တက်နေထွန်းထိန်၊ တန်ခိုးရှိန်သည်၊ကပ္ပိနမင်း၊ ထွတ်မှန်ကင်းလျှင်၊ ကျွန်သင်းရုံပတ်၊ တစ်ထောင်နတ်နှင့်၊ အမြတ်ရတနာ၊ ဂုဏ်သုံးဖြာကို၊ သဒ္ဓါ ယုံကြည်၊ မြဲဆောက်တည်မှ၊ ဝဲလည်စောင်းပင်၊ ဒရိုက်ဆင်လျက်၊ ရေဖြင့် ယှက်ထွေး၊ လှိုင်းဖွေးဖွေးနှင့်၊ ချမ်းဇေးရစ်၊ သုံးတန်မြစ်ကို၊ မနစ်မဆုတ်၊ ချက် တစ်ဖြုတ်လျှင်၊ သုတ်သုတ်ဟူးဟူး၊ မြင်းနှင့်ကူးက၊ ရွှင်မြူးခုန်လွှား၊ မြင်းခွာ ဖျားမျှ၊ ထိပါးကာနှင့်၊ ထုံးစံချင့်၍၊ သုံးဆင့်ဂုဏ်ဝါ၊ ရတနာကို၊ သဒ္ဓါလွန်လေး မြတ်စေမင်း'ဟူ၍ ဖြစ်ပေ၏။ 'ကိုးပါးမျက်ရှင် ခြယ်မွမ်းဆင်သား' အစချီသည့် အပိုဒ် ၆ မှာ အပိုဒ် ၅ ပါ အကြောင်းအရာနှင့် တစ်ဆက်တည်း ဖြစ်သည်။ ကပ္ပိနမင်းနှင့် အမတ်များ၏သတင်းကို လှည်းကုန်သည်များထံမှ ကြားသိသော အနော်ဇာ မိဖုရားကြီးသည် အမတ်မယား တစ်ထောင်ကို ခေါ်ပြီး ရထားစီးလျက် မြတ်စွာဘုရားထံ လာကြောင်း ဖော်ပြထားပေ၏။

ထိုဇာတ်ကြောင်းကို ဓမ္မပဒပဏ္ဏတဝဂ်၌ ဖော်ပြထားသည်ကို တွေ့နိုင် ပေ၏။

ကုက္ကုဋဝတီပြည့်ရှင် မဟာကပ္ပိနမင်းကြီးသည် အမတ်တစ်ထောင် ခြံရံလျက် ဥယျာဉ်တော်သို့ မြင်းဖြင့် ထွက်လာစဉ် သာဝတ္ထိပြည်မှ လာသော လှည်းကုန်သည်များကို တွေ့သည်။ သာဝတ္ထိပြည်၌ 'ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါး' ပေါ်ထွန်းနေကြောင်း ၎င်းတို့ထံမှ ကြားရသည်။

မင်းကြီးသည် ကြားခါခဏ၌ ကြည်ညိုလွန်းသဖြင့် နန်းတော်သို့ မပြန်တော့ဘဲ လှည်းကုန်သည်များကို မှာကြားကာ သာဝတ္ထိပြည်သို့ ထွက်ခဲ့

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ခရီးအကြား၌ ကျယ်ဝန်းနက်ရှိုင်းသော မြစ်ကြီးသုံးစင်း ဆီးတားထား ငြား ရတနာသုံးပါး၏ ဂုဏ်ကို အာရုံပြု၍ ကူးကြသဖြင့် မြင်းခွာဖျားမျှသာ ရေစွတ်သည်။

မဟာကပ္ပိနမင်း၏ မိဖုရားကြီး အနောဇာသည် ပြည့်ရှင်မင်းနှင့် အမတ် တစ်ထောင်တို့၏ သတင်းကို လှည်းကုန်သည်များထံမှ ကြားသိရသည်။ ချက်ချင်းပင် အမတ်မယားတစ်ထောင်ကို ခေါ်၍ ရထားဖြင့် ပြည့်ရှင်မင်း နောက်သို့ လိုက်လာကြသည်။ အထက်ပါ မြစ်ကြီးသုံးသွယ်ကို ရထားဖြင့် ဖြတ်ကြသည်။ ရတနာသုံးပါးကို အောက်မေ့ပြီး ကူးသဖြင့် ရထားဘီး သံပတ်ခွေမျှသာ ရေစိုချေသည်။

မာတောဝါဒ ဆုံးမစာ အပိုဒ် ၅ နှင့် ၆ ၏ ဆိုလိုရင်းမှာ ဤမျှသာ ဖြစ်ပေ၏။ ရတနာသုံးပါးဟု ကြားခါမျှဖြင့် ထီးနန်းကို စွန့်ပစ်ခဲ့သည်အထိ ပါရမီရင့်ပြီးသော ထိုပုဂ္ဂိုလ်ကား မည်သူပေနည်း ဟူသည်ကို သဘောပေါက်စေရန် ဆက်လက်ဖော်ပြပါမည်။

ထိုပုဂ္ဂိုလ်ကြီးကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးစ ရက်ပိုင်းအတွင်းမှာပင် ရဟန်းတစ်ပါး၏ ပေါ့သွမ်းသော စကားကို ကြားရသဖြင့် သံဝေဂရကာ သင်္ဂါယနာတင်ရန် စိတ်ကူးတော်မူခဲ့သော မဟာသာဝကကြီး အရှင်မဟာကဿပ မထေရ် ဖြစ်တော်မူ၏။ သို့ကြောင့်လည်း သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် ယူဇနာ ၁၂၀ ခရီးသို့ အရောက် ကြွချီကာ ကြိုဆိုတော်မူခြင်း ဖြစ်ပေ၏။ အမတ်တစ်ထောင်နှင့် မင်းကြီးမှာ ထိုညောင်ပင်ရင်း၌ပင် ရဟန္တာအရှင်မြတ်များ ဖြစ်တော်မူကြ၍ မိဖုရားကြီးနှင့် အမတ်မယား တစ်ထောင်မှု သောတာပန် တည်ကြလေ၏။

## ရတနာသုံးပါး၏ ကျေးဇူးတော်

ဆက်လက်၍ မာတောဝါဒ ဆုံးမစာအပိုဒ် ၇ ကို တင်ပြပါဦးမည်။

'နာဗွယ်တစ်ဆင့်၊ ဥဒါန်းမြွှင့်၍၊ မိခင့်ဆုံ့ထိုး၊ ပန်းနှယ်ပျိုးသည်၊ ရွှေအိုး ရတနာ၊ သားသည်းချာကို၊ စဉ်လာမယွင်း၊ နားဝယ်သွင်းလိမ့်၊ သတင်းပြွပြွ၊ ကျေးဇူးချဲ့သား၊ အံ့ဖွယ်ရိပ်မြုံ၊ ချမ်းသာပုံသည်၊ ပြည့်စုံအချို၊ သာဝတ္ထိဝယ်၊ မုနိသုံးလူ့၊ ရွှေနှုတ်ပြုငြား၊ အာယုဝဍ္ဍန၊ တွင်နာမဖြင့်၊ ပုဏ္ဏားသည်းကြား၊ သတို့သားမူ၊ အများခန့်တွက်၊ ခုနစ်ရက်လျှင်၊ သက်ခန္ဓာရှင်၊ ပိုးခြားမြင်လည်း၊ သုံးအင်ရတနာ၊ ဂုဏ်တေဇာကြောင့်၊ မိစ္ဆာနတ်သွမ်း၊ တုန်ချေမ်းလျက်၊ မဖမ်းဝံ့

mgyoe.com
SAMPLE BOOK


ထ၊ ရေကြာမျှသို့၊ တစ်ရာ့နှစ်ဆယ်၊ ဘေးရန်ပြယ်၍၊ သက်ကြွယ်ရှည်ကြာ၊ တည်ဖူးပါဟု၊ ကျမ်းလာစကား၊ အသင့်ထားမှ၊ သုံးပါးကြည်ရှိမ်း၊ နှံ့သာငြိမ်းဖြင့်၊ ချိုးလိမ်းကိုယ်တွင် စွတ်စေမင်း''

ဤစာပိုဒ်မှာ အာယုဝဍ္ဎန သတ္တိသားကို ညွှန်းခြင်း ဖြစ်၏။ ထိုသတ္တိသား၏ ဝတ္ထုသည် ဓမ္မပဒကျမ်းတော်မြတ် သဟဿဝဂ်၌ ပါရှိပေ၏။

ဒီဃလဋ္ဌိကမြို့၌ ပုဏ္ဏားနှစ်ယောက် ရှိရာ တောထွက်ပြီး သာသနာပ ရသေ့ရဟန်းတို့၏ အကျင့်(တပ စရဏ)ကို ဆောက်တည်ကြသည်။ ၄၈ နှစ် အကြာတွင် တစ်ယောက်သည် လူ့ဘောင်သို့ ပြန်လာကာ အိမ်ရာထောင်၏။ ထိုအချိန်ဝယ် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာ ပွင့်တော်မူလာကာ ထိုမြို့ကို အမှီပြုလျက် တောကျောင်းတွင် သီတင်းသုံးနေတော်မူလျက် ရှိလေပြီ။

လူထွက်ပုဏ္ဏား သားတစ်ယောက် ရချိန်ဝယ် အဆွေခင်ပွန်းဟောင်း ရသေ့ ရောက်လာ၏။ ပုဏ္ဏားလင်မယားသည် ရသေ့အား ခရီးဦးကြိုဆိုသည်။ ဆွမ်း စသည်များ ကပ်လှူသည်။ ရသေ့ ပြန်ခါနီး၍ ရှိခိုးကန်တော့ကြသည်။ ရသေ့က အသက်ရှည်ပါစေ ဆုပေး၏။ သို့သော် ကလေးငယ်ကလေး၏ လက်ကို ကိုင်ကာ သီးခြားကန်တော့သောအခါတွင်ကား ရသေ့ပါးစပ် ပိတ်နေ၏။

''ရှင်ရသေ့၊ ကလေးကိုလည်း ဆုပေးပါဦး ဘုရား''

''ငါ မပေးနိုင်''

မိမိတို့ကို ချောမောစွာ ဆုပေးနိုင်ပါလျက် ကလေးကျမှ မည်သည့်အတွက် မပေးနိုင်ရသနည်း။ ပုဏ္ဏားလင်မယား စောဒကတက်တော့သည်။

''ဘာပြုလို့တုံး ဘုရား''

''သင်တို့ ကလေးသည် နောက်ထပ် ခုနစ်ရက်သာ အသက်ရှည်လတ္တံ့။ ထို့ကြောင့် ငါ ဆုမပေးခြင်း ဖြစ်သည်''

မိုးမရွာဘဲ ပစ်သော မိုးကြိုးမှာ သည့်စကားပင် ဖြစ်သည်။ ပုဏ္ဏားလင်မယားမှာ ရသေ့၏ ခြေစုံကို ဖက်ထားမိကြသည်။

''တပည့်တော်တို့ သားကလေးကို ကယ်တော်မူပါဘုရား''

''ငါ မကယ်နိုင်ဘူး''

''ဒါဖြင့် ဘယ်လို လုပ်ရပါမတုံး ဘုရား''

''အဲဒါလည်း ငါမသိဘူး။ အေး… သင်တို့သား မသေအောင် ဘယ်လို လုပ်ရမယ် ဆိုတာကို တောကျောင်းမှာ နေတဲ့ ရဟန်းဂေါတမတော့ သိလိမ့်မယ်''

mgyoe.com

mgyoe.com SAMPLE BOOK


ပုဏ္ဏားလင်မယားသည် သားငယ်ကို ပွေ့လျက် မြတ်စွာဘုရား၏ ရှေ့တော်မှောက်သို့ အပြေးရောက်သွားကြ၏။

သူတို့ ရှိခိုးကန်တော့သောအခါ မြတ်စွာဘုရားက 'အသက်ရှည်ကြစေ' ဆုပေးတော်မူပြီး ကလေးတစ်ယောက်တည်း သီးခြား ရှိခိုးရာတွင် ဆုပေးတော်မမူ။ ရသေ့နှင့် ထပ်တူဖြစ်ပြီး ပုဏ္ဏားသည် သောကကို ချုပ်ပြီး မေးမြန်းလျှောက်ထားသောအခါတွင်လည်း မြတ်စွာဘုရား၏ အဖြေတော်မှာ ရသေ့နည်းတူပင်။

"ဒါဖြင့် ဒါဖြင့် တပည့်တော်ရဲ့သား၊ သားကလေး အသက်ရှည်အောင် လုပ်နိုင်တဲ့နည်း မရှိ··· မရှိဘူးလား ဘုရား"

"ဖြစ်ကောင်း ဖြစ်နိုင်ရာ၏ ဒါယကာ"

"မိန့်··· မိန့်တော်မူပါဘုရား၊ ဘယ်··· ဘယ်လိုလုပ်·· လုပ်ရမယ်ဆိုတာ ကြားပါရစေ၊ တစ်သဝေမတိမ်း ဆောင်ရွက်ပါ့မယ် ဘုရား"

ပုဏ္ဏားသည် အသက်မရှူဘဲ မေးလျှောက်ရှာ၏။

"ဒါယကာ၊ သင့်အိမ်ဝ၌ မဏ္ဍပ်တစ်ဆောင် ဆောက်လော့"

"ဆောက်ပါ့မယ် ဘုရား"

"မဏ္ဍပ်အလယ်တွင် အင်းပျဉ်တစ်ချပ် ခင်း၍ သင့်သားကို တင်ထားလော့"

"မှန်··· မှန်လှပါ ဘုရား"

"သင့်သား၏ ဘေးပတ်ပတ်လည်တွင် ငါ့တပည့်သား သံဃာတော်များ လာရောက်ဝန်းရံပြီး ခုနစ်ရက်ပတ်လုံး ပရိတ်အရံအတားများ ပြုနိုင်အောင် စီရင်လော့"

"စိတ်ချတော်မူပါ ဘုရား၊ လိုလေသေး မရှိစေရပါ ဘုရား"

"ဤသို့ပြုက သင့်သားအား အသက်ရှည်အောင် ပြုနိုင်ရာ၏"

ပုဏ္ဏားလည်း အိမ်သို့ အမြန်ပြန်၏။ မြတ်စွာဘုရား မိန့်တော်မူလိုက်သည်နှင့်အညီ ပြီးပြည့်စုံအောင် ဆောင်ရွက်၏။ ထို့နောက် မြတ်စွာဘုရားထံတော်သို့ အပြေးသွား၏။ အားလုံး ပြီးစီးကြောင်း လျှောက်ကြား၏။

မြတ်စွာဘုရားသည် ပုဏ္ဏား၏ မဏ္ဍပ်သို့ တပည့်သား သံဃာတော်များအား စေလွှတ်တော်မူ၏။ သံဃာတော်များလည်း သူငယ်၏ အင်းပျဉ်ပတ်လည်တွင် ဝန်းရံတော်မူကြကာ ခုနစ်ရက်ပတ်လုံး ပရိတ်တော်များကို မပြတ်မစဲ ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ခုနစ်ရက် မြောက်ခဲ့ပြီ။

ထိုနေ့ နံနက်၌ မြတ်စွာဘုရားကိုယ်တော်တိုင် ကြွလာတော်မူသည်။ ထိုအခါ စကြဝဠာအတွင်းရှိ နတ်များသည် မြတ်စွာဘုရားအား ဖူးမြော်ကန်တော့ရန် စုဝေးရောက်ရှိလာကြတော့သည်။ တန်ခိုးကြီးသော နတ်များ ရောက်လာသည့်အတွက် တန်ခိုးငယ်သော နတ်များမှာ ဆုတ်ခွာ ဖယ်ရှားပေးကြရလေ၏။

ထိုဖယ်ရှားပေးရသူများထဲတွင် သူငယ်ကို ဖမ်းယူစားသောက်မည့် အဝရုဒ္ဓက ဘီလူးလည်း ပါဝင်သည်။ သူသည် ဝေဿဝဏ်နတ်မင်းထံ၌ ၁၂ နှစ်တိတိ လုပ်ကျွေးခစားသဖြင့် ဆုချီးမြှင့်ခံရ၏။ ရသောဆုမှာ 'ဤမည်သော ပုဏ္ဏားလင်မယား၏ သားငယ်အား ယနေ့မှ ခုနစ်ရက်မြောက်နေ့တွင် ယူစေ' ဟူ၍ ဖြစ်သည်။

ယခု ထိုကလေးကို ယူခွင့်ရှိချိန်၌ ၁၂ ယူဇနာ အဝေးသို့ ဆုတ်ခွာပေးရပြီ။ မြတ်စွာဘုရား မကြွသေးသဖြင့် နတ်တွေလည်း မဖယ်ကြသေး။ အဝရုဒ္ဓက ဘီလူး အတင်းတိုးပြီး မယူရဲ။ မြတ်စွာဘုရားကား ကြွမသွားရုံမက ကလေးအား တစ်ညလုံး အရံအတား ပြုတော်မူ၏။

အရုဏ်တက်ပြီ။ ဘီလူး၏ ရယူပိုင်ခွင့် အချိန်ကာလလည်း ကုန်ဆုံးသွားပြီ။

ထို့နောက် ပုဏ္ဏားလင်မယားသည် ကလေးကို အင်းပျဉ်ပေါ်မှ ယူ၍ မြတ်စွာဘုရားအား ရှိခိုးခိုင်းကြသည်။ မြတ်စွာဘုရားက 'အသက်ရှည်စေ' ဟု ဆုပေးတော်မူသောအခါ ပုဏ္ဏားလင်မယားမှာ ထခုန်မိမတတ် ဝမ်းသာကြ၏။

သို့သော် ကောင်းသောစကားကို ထပ်မံကြားလိုသဖြင့် လျှောက်ထားကြပြန်၏။

"ဘုန်းတော်ကြီးလှတဲ့ မြတ်စွာဘုရား၊ တပည့်တော်တို့ရဲ့ သားကလေးဟာ အသက် ဘယ်လောက် ရှည်မှာပါတုံး ဘုရား"

"အသက် ၁၂၀ ရှည်အံ့သတည်း ဒါယကာ"

သို့ဖြစ်သဖြင့် သုံးဘုံဘဝ သုံးလောက၌ အမြင့်မြတ်ဆုံး၊ အာနုဘော်အကြီးမားဆုံး၊ တန်ခိုးအကြီးဆုံးအရာကား ဘုရား တရား သံဃာပေတည်း။

*သီလဝမဂ္ဂဇင်း၊ ၁၉၉၆၊ မေ*

□

mgyoe.com SAMPLE BOOK

## အမ္ဗဋ္ဌသုတ်လာဘုရားရှိခိုး

**သုတ်သီလက္ခန် ဝတ္တုတော်**

မကွေးမြို့စီရင်စု၊ ရေအောင်တိုက်နယ် မြို့မိရွာတွင် ဖွားရာဇာတိဖြစ်သော ဆရာတော်ဘုရားကြီး ဦးဇေယျာသေနသည် ကျမ်းပေါင်းများစွာကို ဝတ္ထုတော်ကြီးများအဖြစ်သို့ ပြောင်းလဲပြုစု စီရင်တော်မူခဲ့၏။

ယင်းတို့မှာ-

**ဒီဃနိကာယ်ဆိုင်ရာ**

သုတ်သီလက္ခန် ဝတ္ထုတော်ကြီး။

သုတ်မဟာဝါ ဝတ္ထုတော်ကြီး။

သုတ်ပါထိက ဝတ္ထုတော်ကြီး။

**မဇ္ဈိမနိကာယ်ဆိုင်ရာ**

မူလပဏ္ဏာသ ဝတ္ထုတော်ကြီး။

မဇ္ဈိမပဏ္ဏာသ ဝတ္ထုတော်ကြီး။

ဥပရိပဏ္ဏာသ ဝတ္ထုတော်ကြီး။

**သံယုတ္တနိကာယ်ဆိုင်ရာ**

မဟာဝဂ္ဂသံယုတ် ဝတ္ထုတော်ကြီး။

mgyoe.com

mgyoe.com SAMPLE BOOK

သဂါထာဝဂ္ဂသံယုတ် ဝတ္ထုတော်ကြီး။

**အင်္ဂုတ္တရနိကာယ်ဆိုင်ရာ**

အင်္ဂုတ္တိုရ်ဝတ္ထုတော်ကြီး ပထမတွဲနှင့် ဒုတိယတွဲ။

ဝိထိလက်ဆန်းကျမ်း။

လောကီဝိဇ္ဇာလမ်းမှန်ကျမ်း။

ထေရာ၊ ထေရီဝတ္ထုတော်ကြီးများနှင့်

ဝိပဿနာ ဓာတ်ပညာကျမ်းတို့ ဖြစ်ကြပေသည်။

ဤမျှ များပြားသော်ငြား ထိုဆရာတော်ဘုရားကြီး၏ ကျမ်းစာများကို အလိုရှိ၍ ရှာဖွေသောအခါ အနည်းငယ်သာ တွေ့ရပေတော့သည်။

ထိုအနည်းငယ်စု၌ ထေရာပဒါန်၊ ထေရီအပါဒါန်၊ ပေတဝတ္ထုတော်ကြီး၊ ဝိမာနဝတ္ထုတော်ကြီးနှင့် သုတ်သီလက္ခန် ဝတ္ထုတော်ကြီးတို့မျှသာ ပါဝင်ပေတော့ သည်။ ဤသည်တို့အနက် ၁၂၈၉-ခုနှစ်၌ ရေးသား ပြီးစီးသည့် 'သုတ်သီလက္ခန်' ဝတ္ထုတော်ကြီးမှ ထုတ်နုတ်ဖော်ပြလိုပါသည်။

ဒီဃနိကာယ သုတ်သီလက္ခန် ဝတ္ထုတော်ကြီး၌ သုတ်ဝတ္ထုပေါင်း ၁၃-ပုဒ် ပါဝင်ပေသည်။ ၎င်းတို့မှာ-

(၁) ဗြဟ္မဇာလသုတ်ဝတ္ထု

(၂) သာမညဖလသုတ်

(၃) အမ္ဗဋ္ဌသုတ်

(၄) သောဏဒဏ္ဍသုတ်

(၅) ကူဋဒဏ္ဍသုတ်

(၆) မဟာလိသုတ်

(၇) ဇာလိယသုတ်

(၈) မဟာသီဟနာဒသုတ်

(၉) ပေါဋ္ဌပါဒသုတ်

(၁၀) သုဘသုတ်

(၁၁) ကေဝဋ္ဋသုတ်

(၁၂) လောဟိစ္စသုတ်

(၁၃) တေဝိဇ္ဇသုတ် ဝတ္ထုများ ဖြစ်ကြပေ၏။

mgyoe.com

**ပေါက္ခရသာတိပုဏ္ဏား**

ထိုသုတ်ဝတ္ထု ၁၃ ပုဒ်အနက် အမ္ဗဋ္ဌသုတ်ဝတ္ထုမှာ ထူးဆန်းမှုများ၊ အံ့သြစရာများ ပါဝင်သောကြောင့် ရွေးကောက်ဖော်ပြလိုက်ပါသည်။ အံ့သြစရာများမှာ အမ္ဗဋ္ဌလုလင်ဆရာနှင့် ထိုလုလင်တို့အကြောင်း ဖြစ်ပေသည်။ထူးဆန်းမှုမှာမူ မြတ်စွာဘုရား၏ လက္ခဏာတော်ကြီးများကို လေ့လာစူးစမ်းပုံ ဖြစ်ပေ၏။

အမ္ဗဋ္ဌလုလင်၏ ဆရာမှာ ပေါက္ခရသာတိ ပုဏ္ဏားကြီး ဖြစ်၏။ သူသည် အမိဝမ်း၌ ပဋိသန္ဓေမနေလို၍ ကြာပွင့်၌ ပဋိသန္ဓေနေသူ ဖြစ်၏။ မျက်လုံးသည် ကြာညိုပန်း၊ တစ်ကိုယ်လုံးသည် ကြာဖြူပန်းကဲ့သို့ ရှိသောကြောင့် အလွန်တင့်တယ်၏။ လူအများကလည်း နှစ်သက်ကြည်ညိုကြ၏။

ပေါက္ခရသာတိပုဏ္ဏားသည် ဗေဒင်သုံးပုံကို ကမ်းတစ်ဖက်သို့ ရောက်အောင် တတ်မြောက်၏။ ကောသလမင်းကြီးက သူ့အား ဥက္ကဋ္ဌမြို့စားအရာကို သနား၏။ သူ၏ လက်ရင်းတပည့်များတွင် အမ္ဗဋ္ဌလုလင်သည် ပညာအရာ၌ ကြီးကျယ်၏။ ဆရာကိုအမှီပြု၍ ပညာမာန်တက်ကာ အလွန်မာနကြီး၏။

တစ်နေ့သောအခါတွင် မြတ်စွာဘုရားသည် ဣစ္ဆာနင်္ဂလမြို့အနီးရှိ တောအုပ်သို့ နောက်ပါသံဃာ ငါးရာမျှနှင့် ကြွရောက်သီတင်းသုံးနေတော်မူကြောင်းကို ပုဏ္ဏားကြီး ကြားသိသည်။ ထို့ကြောင့် တပည့်အမ္ဗဋ္ဌအား မြတ်စွာဘုရားထံ ချဉ်းကပ်၍ ယောကျ်ားမြတ် လက္ခဏာတော်ကြီးများဖြင့် ပြည့်စုံခြင်းရှိ၊ မရှိ စုံစမ်းချေဟု စေလွှတ်လိုက်လေ၏။

ထိုသို့စုံစမ်းရန် စေလွှတ်ရခြင်းမှာ ဘုရားအတုတွေ ပေါများနေသဖြင့် ဖြစ်သည်။ လောက၌ ဘုရားဟူသည် တစ်ဆူသာ ရှိရမည်ဟု ပုဏ္ဏားကြီးနားလည်သောကြောင့် ဖြစ်ပေသည်။

အမ္ဗဋ္ဌသည် တပည့်လူငယ်များ ခြံရံလျက် ရထားစီးကာ ဣစ္ဆာနင်္ဂလတောအုပ်သို့ ထွက်ခွာလာခဲ့သည်။

**မာနကြီးသူ၏ အရင်းအမြစ်**

အမ္ဗဋ္ဌနှင့် တပည့်လူငယ်များ ဣစ္ဆာနင်္ဂလတောအုပ်ရှိ ကျောင်းသို့ ရောက်သွားချိန်သည် သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးစချိန် ဖြစ်၏။ မြတ်စွာဘုရားသည် ဂန္ဓကုဋီကျောင်းတော်၌ တစ်ပါးတည်း စံနေတော်မူချိန် ဖြစ်ပေ၏။

သံဃာတော်များသည် အမ္ဗဋ္ဌအား ကောင်းစွာ သိသည်။ ထို့ကြောင့် ဂန္ဓကုဋီ တံခါးခေါက်ပုံနည်းကိုပါ သင်ကြားပေးလိုက်ကြသည်။

mgyoe.com

mgyoe.com

မြတ်စွာဘုရားစံတော်မူရာ ဂန္ဓကုဋိတိုက်တော်တွင် တံခါး ရှိသည်။ ထိုတိုက်တော်သို့ နဂါးများ လာလျှင် တံခါးအောက်ခြေကို ခေါက်၏။ နတ်၊ ဗြဟ္မာတွေ လာလျှင် တံခါးထိပ်ဖျားကို ခေါက်၏။ လူသားများ ရောက်လာလျှင်ကား တံခါးသံကောက်ပေါ်ကို ခေါက်လေ့ရှိကြသည်။ မြတ်စွာဘုရားက အသံပြုသော ထိုသူအား ဝင်လာစေလိုလျှင် တံခါး အလိုလိုပွင့်သည်။

အမ္ဗဋ္ဌလည်း တံခါးသံကောက်ပေါက်ကို လက်သည်းများဖြင့် အသံထွက်ရုံကလေး ခေါက်သည်။ တံခါးပွင့်လာသည်။ အတွင်းသို့ ဝင်လာမိချိန်ဝယ် အမ္ဗဋ္ဌ၏ နောက်ပါလူငယ်တွေက ကောင်းမွန်ရှိသေစွာ ထိုင်ကြ၏။ အမ္ဗဋ္ဌကား မထိုင်။

ပခုံးဖော်ကာ၊ ဗိုက်သားဖော်ကာ လမ်းသလားနေသည်။

မြတ်စွာဘုရားအား ကျောပေးလျက်-

"ကျောင်းကြီးက ခမ်းနားလိုက်တာ၊ ညောင်စောင်းကြီးက ကောင်းလှပါကလား၊ ဆွမ်းခံရတာ ပင်ပန်းဟန် မတူဘူး၊ ဝဝဖြိုးဖြိုးကြီးပဲ"

စသည်ဖြင့် မခံ့မညား ပြောသည်။ ပုဆိုးစွန်တောင်ဆွဲလျက် လမ်းသလားသည်။

ထို့အတွက် လူ၊ နတ်တို့၏ဆရာ မြတ်စွာဘုရားသည် အမ္ဗဋ္ဌ စိတ်ဆိုးစေမည့် စကားကို ဆိုတော်မူပြီးမှ အမ္ဗဋ္ဌ ပြန်လှန်တိုက်ခိုက်ချိန်တွင် အမျိုးဇာတ်ကို မေးတော်မူလေ၏။

သူ့အမျိုးဇာတိကို မြတ်စွာဘုရား သိနိုင်ဖွယ်မရှိဟု အမ္ဗဋ္ဌ ထင်သည်။ ထင်သည့်အတွက် 'ကဏှာယနအမျိုးတည်း'ဟု အော်ပြောသည်။

ထိုအခါ မြတ်စွာဘုရားသည် ကဏှာမျိုးတို့၏ အစကို မြွက်ဟတော်မူ၏။ ဤသည်ပင်လျှင် အမ္ဗဋ္ဌ၏ ထူးဆန်းမှု ဖြစ်ပေတော့သည်။

သာကီဝင်တို့၏ ဘိုးတော် ဥက္ကာကမင်းကြီးတွင် 'ဒိသာ' အမည်ရှိ အစေအပါး မိန်းမတစ်ယောက် ရှိသည်။ ထိုမိန်းမမှ ဖွားသောသားမှာ ကဏှာ ဖြစ်သည်။ မွေးလျှင်မွေးချင်း သွားတွေ ပေါက်နေရုံသာမက မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးလည်း ပါလာသည်။ "သရဲ-သရဲ" အော်ကာ မိန်းမတွေ ထွက်ပြေးသောအခါ ကဏှာပေါက်စနသည် "ငါ့ကို ရေချိုးပေးကြပါတော့လား၊ သန့်စင်ပေးကြပါတော့လား"ဟု လမ်းလျှောက်ရင်း အော်နေသည်။

အမ္ဗဋ္ဌ၏ ထူးဆန်းသော ဇာတိကို မြတ်စွာဘုရား ဖော်ပြသောအခါ အမ္ဗဋ္ဌ မငြင်းနိုင်။ နောက်ပါ လူငယ်တွေက "အမ္ဗဋ္ဌဟာ ကျွန်မျိုးတဲ့"ဟု အော်ဟစ်ကြ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ သို့သော် မြတ်စွာဘုရားပင် အမ္ဗဋ္ဌအား အရှက်ရမှုမှ ကယ်ဆယ်တော်မူ၏။

ကယ်ဆယ်တော်မူပုံမှာ ဤသို့ ဖြစ်၏။

အခိုင်းအစေ၏သား ကဏှာသည် ရသေ့တစ်ပါးထံမှ 'လေးပစ်၍ မရသော' အတတ်ကို ရလာ၏။ ထိုအတတ်ဖြင့်ပင် သူသည် ဥက္ကာကမင်းကြီး၏ သမီးတော် 'မဒ္ဒရူပီ'ကို ရသည်။ ကျွန်အဖြစ်မှ လွတ်မြောက်ပြီးနောက် ချီးမြှောက်စားခံရ၏။

ပညာမာန ကြီးသော အမ္ဗဋ္ဌအား ဤသို့လျှင် ဆုံးမခြင်း၊ သက်သာရာရစေခြင်း ပြုတော်မူပြီးမှ မြတ်စွာဘုရားသည် စင်္ကြံကြွတော်မူ၏။ ထိုအခါတွင်မှသာ အမ္ဗဋ္ဌသည် လက္ခဏာတော်ကြီး အပါးသုံးဆယ်ကို မျက်မြင်လေ့လာနိုင်သည်။ ကျန်နှစ်ပါးကိုကား အဓိဋ္ဌာန်ပြုတော်မူမှသာ အမ္ဗဋ္ဌ ဖူးတွေ့နိုင်သည်။

အမ္ဗဋ္ဌ၏ဆရာ ပေါက္ခရသာတိ ပုဏ္ဏားကြီးမှာ တပည့်နှယ် မာနမကြီးပေ။ သို့အတွက် အမ္ဗဋ္ဌ ပြန်ရောက်ပြီး သူ လုပ်ခဲ့ပုံ၊ ပြောခဲ့ပုံ၊ တွေ့ခဲ့ပုံတို့ကို ပြန်ပြောသောအခါ နှစ်လိမ့်၊ သုံးလိမ့် လိမ့်သွားအောင် ခြေဖြင့် ထကျောက်တော့သည်။

ပုဏ္ဏားကြီးသည် သည်မျှဖြင့်လည်း အမ္ဗဋ္ဌအား ခွင့်မလွှတ်သေးပေ။ မြတ်စွာဘုရားထံတော်သို့ ပုဏ္ဏားကြီး သွားရာတွင် ရထားစီးခွင့် မပေးပေ။ ရထားရှေ့မှ ခြေကျင်သွားရသည်။ မြတ်စွာဘုရား၏ ရှေ့တော်မှောက်သို့ ရောက်လျှင်ရောက်ချင်း အမ္ဗဋ္ဌ၏ အပြစ်အမှုအတွက် သည်းခံတော်မူပါရန် တောင်းပန်လျှောက်ထား၏။

ပုဏ္ဏားကြီးသည် မြတ်စွာဘုရားထံတော်မှ အမ္ဗဋ္ဌ ချမ်းသာပါစေဟူသည့် ခွင့်လွှတ်စကား ကြားရမှ ကျေနပ်သည်။ မြတ်စွာဘုရားနှင့် သံဃာတော်ငါးရာကို အိမ်သို့ ပင့်၍ ဆွမ်းကပ်သည်။ တရားတော်ကို နာကြားအပြီး၌-

"ပေါက္ခရသာတိ အမည်ရှိသော တပည့်တော်သည် သားနှင့်တကွ မယားနှင့်တကွ ပရိသတ်နှင့်တကွ၊ အခြွေအရံနှင့်တကွ မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်ပါ၏။ တရားတော်၊ သံဃာတော်ကိုလည်း ဆည်းကပ် ကိုးကွယ်ပါ၏။ ယနေ့ကို အစပြု၍ အသက်ထက်ဆုံး ဥပါသကာ ဟူ၍ မှတ်တော်မူပါ။ အရှင်ဂေါတမသည် ဥက္ကဋ္ဌမြို့၌ တစ်ပါးသောအိမ်တို့သို့ ဝင်ထွက်သွားလာတော်မူသကဲ့သို့ ပေါက္ခရသာတိ ပုဏ္ဏားအိမ်သို့လည်း ဝင်ထွက်သွားလာတော်မူပါလော့"ဟု ဖိတ်မန်သည်။

ဤကား အမ္ဗဋ္ဌသုတ်ဝတ္ထုကြောင်း အကျဉ်းပေတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

**နိမိတ်တော်ရှိခိုးဂါထာ**

မြတ်စွာဘုရား၏ လက္ခဏာတော်ကြီး ၃၂ ပါးကို အမွှန်းလုလင် စုံစမ်းရာတွင် နိမိတ်တော်နှင့် စပ်လျဉ်း၍ ကျမ်းပြုဆရာက ဤသို့ ဖော်ပြထားပေ၏။

"ကောသစ္ဆာ ဒဂ်ီဇာတော ယော၊
တော် နာထံ နမာမဟံ။ တေန
နမနေနေဝ၊ အာရောဂျံ ဟောတု မေသဒါ။"

သုံးထောင် ပြည့်အောင် သရဏ္ဍာယ်လျှင် အောင့်နာပျောက်၏ ဟူ၍ ရှေးဆရာတော်ကြီးများ ရေးထားသောဂါထာကို တွေ့ဖူး၏။

ယော နာထော- အကြင် မြတ်စွာဘုရားသည်။

ကောသစ္ဆာ ဒဂ်ီဇာတော- ရွှေကတ္တီပါအိတ်အတွင်းဝယ် သွင်းထားအပ်သော ပတ္တမြားတုံးပမာ၊ တဝါဝါအရောင် တပြောင်ပြောင် တရွှေရွှေ အသရေတော် ဝင်းထိန်လျက် အအိမ်ဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်၍ ကျစ်လျစ်လှစွာသော ယောက်ျားမြတ်၏ နိမိတ်တော်လည်း ရှိတော်မူ၏။

တော် နာထံ- ထိုမြတ်စွာဘုရားကို။

အဟံ- အကျွန်ုပ်သည်။

နမာမိ- ရှိခိုးပါ၏။

တေန နမနေနေဝ- ထိုသို့ရှိခိုးရသော စေတနာဖြင့်သာလျှင်၊

မေ- အကျွန်ုပ်အား။

သဒါ- အခါခပ်သိမ်း။

အာရောဂျံ- အနာကင်းသည်၏ အဖြစ်သည်။

ဟောတု- ဖြစ်ပါစေသတည်း။

မြတ်စွာဘုရား၏ လက္ခဏာတော်ကြီး ၃၂ ပါးတွင် မြတ်စွာဘုရားက မြင်ခွင့်ပြုမှ ဖူးမြင်ရသော လက္ခဏာတော်ကြီး ၂ ပါး ရှိရာ တစ်ပါးအတွက် ရှိခိုးဂါထာကို အလျဉ်းသင့်သောကြောင့် ဖော်ပြလိုက်ရပါကြောင်း။ ။

*သီလဝမဂ္ဂဇင်း၊ ၁၉၉၆၊ ဩဂုတ်*

□

mgyoe.com SAMPLE BOOK

## မန္တန် ၁၅ မျိုး

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် နောက်ပါသံဃာတော် ငါးရာခန့် ခြံရံလျက် ရာဇဂြိုဟ်မြို့နှင့် နာဠန္ဒမြို့အကြား တွင် ဒေသစာရီ ကြွချီတော်မူစဉ်က ဖြစ်၏။ သံဃာတော်များ၏နောက် မနီး မဝေး၌ ပရိဗိုဇ် ဆရာ၊ တပည့်တို့ ပါလာကြ၏။ ဆရာသည် လမ်းတစ်လျှောက်လုံး ရတနာသုံးပါးအား မကောင်းပြော၍၊ တပည့်က ရတနာသုံးပါးအား ချီးမွမ်း လျက် လိုက်ပါလာ၏။ ဆရာ၊ တပည့်တို့ ဆန့်ကျင်စကား ပြောလာသံကို သံဃာတော်များ မကြားချင် အဆုံးပါပေ။

နေဝင်လုနီး၍ မြတ်စွာဘုရားနှင့် သံဃာတော်များသည် အမ္ဗလဋ္ဌိက သရက်ပျိုဥယျာဉ်သို့ ဝင်၍ တစ်ညဉ့်တာ သီတင်းသုံးရန် စတည်းချတော်မူကြ ၏။ ပရိဗိုဇ် ဆရာ၊ တပည့်လည်း ဥယျာဉ်တွင်းသို့ ဝင်လိုက်လာကြကာ ပေါင်ဖွာပေါင်ဖွာ ငြင်းခုံကြပြန်၏။ ဆရာအား ဆန့်ကျင်သော တပည့်ကို သံဃာတော်များမှာ အံ့သြနေကြသည်။

သို့အတွက် နောက်တစ်နေ့နံနက် ခရီးမဆက်မီတွင် သံဃာတော်များ မှာ ထိုဆရာ၊ တပည့်တို့၏ အကြောင်းကို အထူးအဆန်းလုပ်၍ ပြောဆိုနေကြ သည်။ သို့စဉ်တွင် မြတ်စွာဘုရား ကြွလာတော်မူကာ ဆွေးနွေးခြင်း၏ အကြောင်း ကို မေးမြန်းတော်မူသည်။ သံဃာတော်တို့ တင်လျှောက်၍ အကြောင်းစုံကို

mgyoe.com

mgyoe.com SAMPLE BOOK

သိလျှင် ကဲ့ရဲ့ခြင်း၌ အမျက်မထွက်ရန်၊ ချီးမွမ်းခြင်း၌ မသာယာရန် ဆုံးမတော်မူသည်။

လောကသုံးပါးကို ကောင်းစွာ သိတော်မူသော မြတ်စွာဘုရားသည် ဆက်လက်၍ ပုထုဇဉ်တို့ ချီးမွမ်းနိုင်သည့် အတိုင်းအတာကို ဟောပြတော်မူသည်။ ထိုသို့ ဟောဖော်ညွှန်ပြရာ၌ လူတစ်ယောက်က လူအများအား တိုင်တည်နေဟန် ပါရှိ၏။

''အို… လူအပေါင်းတို့၊ သမဏ၊ ဗြာဟ္မဏ အမည်ခံ၍ သူတော်သူမြတ် လုပ်နေသူအချို့သည် လူတို့ သဒ္ဓါကြည်ညို၍ လှူဒါန်းသော ဘောဇဉ်တို့ကို သုံးဆောင်ပြီးလျှင် ဤသို့သော ထိုသို့သော မအပ်မရာများကို ပြုကြကုန်၏။ ရဟန်းဂေါတမနှင့် ရဟန်းဂေါတမ၏တပည့် ရဟန်းများကား ထိုသို့ မပြုကြကုန်။

ချစ်သား ရဟန်းတို့… ပုထုဇဉ်သည် ငါဘုရား၏ ဂုဏ်တော်ကို ချီးမွမ်းသော် ဤမျှလောက် အနည်းငယ်မျှသော သီလကလေးကိုသာလျှင် ချီးမွမ်းနိုင်ရာ၏''

တရားအလုံးစုံကို ကုန်စင်အောင် သိမြင်တော်မူသော မြတ်စွာဘုရားသည် ဤသို့လျှင် ဆစ်ကာ ပိုင်းကာ စူဠသီလနှင့် မဇ္ဈိမသီလကို ဟောတော်မူ၏။

မဟာသီလကို ဆက်လက်ဟောကြားတော်မူပြန်ရာ မြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ တပည့် သံဃာတော်များ စွန့်ပစ်အပ်သော ကျင်ကြီး၊ ကျင်ငယ် သဖွယ် ဖြစ်သည့် မိစ္ဆာဇီဝ တိရစ္ဆာနဝိဇ္ဇာအတတ် (၂၈) ပါးအကြောင်းပါ ပါရှိသွားခဲ့ပေသည်။

ယခု ဆက်လက်၍ မဟာသီလ ဟောပြချက်မှ ကျန်သော အပိုင်းကို ဖော်ပြပါမည်။

## လက္ခဏာဖတ် အတတ်များ

''အို… လူအပေါင်းတို့၊ သမဏ၊ ဗြာဟ္မဏ သူတော်သူမြတ် လုပ်ကြသော အချို့သူတို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ထိုသူတော်သူမြတ် အခေါ်ခံကြသော သူတို့သည် ဤသို့သော တိရစ္ဆာနဝိဇ္ဇာအတတ်ဖြင့် မှားသော မိစ္ဆာဇီဝ အသက်မွေးခြင်းဖြင့် ပြုကြကုန်၏။

အဘယ် အတတ်တို့နည်း ဟူမူကား….

mgyoe.com

mgyoe.com SAMPLE BOOK

ပတ္တမြားး၏ လက္ခဏာ (အဆင်းသဏ္ဍာန်ကို ကြည့်ရှု၍ ဥစ္စာရှင်သည် အနာကင်းခြင်း၊ မင်းဖြစ်ခြင်းအကြောင်းရှိ၏ ဟူ၍ လည်းကောင်း၊ အကျိုး အပြစ် မည်သို့ ဖြစ်မည် ဟူ၍ လည်းကောင်း ဟောပြောသော) အတတ်။ အဝတ်ပုဆိုး၊ တုတ်၊ တောင်ဝှေး၊ ဓားလက်နက်တို့၏ လက္ခဏာ အတတ်။

သန်လျက်၏ လက္ခဏာ၊ လှံ၏ လက္ခဏာ၊ လေး၏ လက္ခဏာနှင့် ဆိုခဲ့သည်တို့မှ ကြွင်းသော အာဝုဓလက္ခဏာအတတ်။

မိန်းမ၏လက္ခဏာ၊ ယောကျ်ား၊ လူကလေး၊ မိန်းကလေး၊ ကျွန် ယောကျ်ား၊ ကျွန်မိန်းမ လက္ခဏာ။ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ နွားလားဥသဘ၏ လက္ခဏာ။ သိုး၊ ဆိတ်၊ ကြက်၊ ငုံး၊ ဖွတ်၊ လိပ်၊ သားသမင် တို့၏ လက္ခဏာ။

အိမ်ခေါင်တိုင်၏ လက္ခဏာဖတ်ခြင်း။

စသည်တို့ဖြစ်၍ ယင်းတို့ဖြင့် အသက်မွေးမှု ပြုကြကုန်၏။

ရဟန်းဂေါတမသည် လည်းကောင်း၊ ရဟန်းဂေါတမ၏ တပည့် ရဟန်းတော်တို့သည် လည်းကောင်း ဤသို့သော မဂ်ဖိုလ်မှ ဖီလာကန့်လန့် ဖြစ်ကုန်သော မိစ္ဆာဇီဝ အတတ်ဖြင့် ပြောဟော၍ အသက်မွေးခြင်းကို ရှောင်ကြဉ် ရာ၏ ဟူ၍ လည်းကောင်း၊ ပုထုဇဉ်သည် ချီးမွမ်းသော် ချီးမွမ်းနိုင်ရာ၏''

''အို... လူအပေါင်းတို့၊ သမဏ၊ ဗြာဟ္မဏ သူတော်သူမြတ် လုပ်သူ အချို့သည် သဒ္ဓါကြည်ညို၍ လှူကုန်သော ဘောဇဉ်တို့ကို စားကြကုန်ပြီး၍၊ ထိုသူတော် သူမြတ် လုပ်သူတို့သည် ဤသို့သော မဂ်ဖိုလ်မှ ဖီလာဖြစ်သော တိရစ္ဆာနဝိဇ္ဇာအတတ်ဖြင့် မှားသော မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းကို ပြုကြ ကုန်၏။

အဘယ်သည်တို့နည်း ဟူမူကား...

ဤမည်သောနေ့၌၊ ဤမည်သော နက္ခတ်ဖြင့်၊ ဤမည်သော မင်း စစ်တိုက်လတ္တံ့။ စစ်တိုက်ရာမှ တစ်ဖန် ပြန်လာလတ္တံ့ ဟူ၍လည်းကောင်း၊ ပြည်တွင်းမင်းတို့ စစ်မြေပြင်သို့ ကပ်ရောက်ခြင်း ဖြစ်လတ္တံ့၊ တိုင်းတစ်ပါးမင်းတို့ ဖဲသွားခြင်း ဖြစ်လတ္တံ့ ဟူ၍ လည်းကောင်း၊ ပြည်တွင်းမင်း အောင်လတ္တံ့၊ ပြည်ပ မင်း ရှုံးလတ္တံ့ ဟူ၍ လည်းကောင်း၊ ပြည်တွင်းမင်း ရှုံးလတ္တံ့၊ ပြည်ပမင်း အောင် လတ္တံ့ ဟူ၍ လည်းကောင်း၊ တိရစ္ဆာန်ဝိဇ္ဇာဗေဒင်ဟော၍ အသက်မွေးခြင်း။

ဤမည်သောနေ့၌ ရာဟုအသူရိန်သည် လမင်းကို ဖမ်းလတ္တံ့။ နေမင်း ကိုဖမ်းလတ္တံ့။ လကို နေကို ငပုပ် ဖမ်းလတ္တံ့။ ဤမည်သော နက္ခတ်သည်

mgyoe.com

mgyoe.com SAMPLE BOOK

ဤမည်သောဂြိုဟ်နှင့် ယှဉ်လတ္တံ့။ နေ၊ လတို့ လမ်းမှန် သွားလတ္တံ့၊ လမ်းလွဲ သွားလတ္တံ့။ နက္ခတ်တို့ လမ်းမှန်သွားလတ္တံ့၊ လမ်းလွဲ သွားလတ္တံ့ဟူ၍ လည်း ကောင်း။

ဥက္ကာမိုးရှူး ကျလတ္တံ့။ ဒိသာဍာဟ ကောင်းကင် အရပ်မျက်နှာ တောက်လောင်ခြင်း၊ မီးလျှံ အခိုးတန်းတို့ ဖြစ်လတ္တံ့။ မြေငလျင်လှုပ်လတ္တံ့။ ဒေဝဒုန္ဒုဘိ မိုးတိမ် မရှိဘဲ ကောင်းကင်၌ မိုးချုန်းလတ္တံ့။ နေ လ နက္ခတ် ထွက်ခြင်း၊ ဝင်ခြင်း၊ မှေးမှိန်ခြင်း၊ ဖြူစင်ထွန်းတောက်ခြင်း ဖြစ်လတ္တံ့။ လ ကျစ်လျှင် ဤသို့ ဖြစ်လတ္တံ့။ နေကျစ်လျှင် ဤသို့ ဖြစ်လတ္တံ့။ နက္ခတ်ကျစ်လျှင် ဤသို့ အကျိုးအပြစ် ဖြစ်လတ္တံ့။ လ၊ နေတို့ လမ်းမှန်သွားလျှင် ဤသို့၊ လမ်းလွဲ သွားလျှင် ဤသို့ အကျိုးအပြစ်ဖြစ်လတ္တံ့ ဟူ၍ လည်းကောင်း။

မိုးကောင်းလတ္တံ့၊ မိုးခေါင်လတ္တံ့၊ ဝပြောလတ္တံ့၊ ငတ်မွတ်လတ္တံ့၊ ဘေးကင်းလတ္တံ့၊ ဘေးဖြစ်လတ္တံ့၊ ရောဂါထူပြောလတ္တံ့၊ ရောဂါကင်းဝေးလတ္တံ့ ဟူ၍ လည်းကောင်း စသည်ဖြင့် ဟောပြောခြင်း။

ကာဝေယျံ တေးချင်းကဗျာ ရေးသားခြင်းအတတ်။ လောကာယတ ကျမ်းလာ ဝိတဏ္ဍာစကား(ကျီးသည်ဖြူ၏၊ အဘယ်ကြောင့်နည်း၊ အရိုးဖြူသော ကြောင့်တည်း။ ဗျိုင်းသည် နီ၏၊ အဘယ်ကြောင့်နည်း၊ သွေးနီသောကြောင့် တည်း စသည်ဖြင့်။)

အာဝါဟနံ သမီးယူခြင်း မင်္ဂလာဆောင် ရက်ရွေးနည်း။ ဝိဝါဟနံ သမီးပေးခြင်း မင်္ဂလာဆောင် ရက်ရွေးနည်း။ သံဝရဏံ လင်မယား ပေါင်းစပ် သော နက္ခတ်ရွေးနည်း၊ ဝိဝရဏံ လင်မယား ကွာရှင်းသော နက္ခတ်ရွေးနည်း။

သံကိရဏံ ငွေတိုးကြေးတိုး ယူသော ရက်ရွေးနည်း။ သုဘဂကရဏံ လင်ချစ်အောင်၊ မယားချစ်အောင် မျက်ချစ်ဆေး စီရင်နည်း။ ဒုဗ္ဘဂကရဏံ မုန်းဆေး စီရင်နည်းတို့ကို ဆောင်ရွက်ခြင်း။

စသည်တို့ ဖြစ်၍ ဤသည့် မိစ္ဆာဇီဝ အတတ်များဖြင့် အသက်မွေးကြ ကုန်၏။ ရဟန်းဂေါတမသည် လည်းကောင်း၊ ရဟန်းဂေါတမ၏ တပည့်ရဟန်း များသည်လည်းကောင်း ဤသို့သော မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ် တော်မူကြကုန်၏။

ချစ်သားရဟန်းတို့၊ ပုထုဇဉ်သည် ချီးမွမ်းသော် ဤမျှလောက်သာ ချီးမွမ်းနိုင်ရာ၏။

mgyoe.com

မန္တန်နှင့် ဆေးဝါး ပယောဂများ

မြတ်စွာဘုရားသည် သမဏ၊ ဗြာဟ္မဏ သူတော် သူမြတ် အခေါ်ခံသူ အချို့၏ မိစ္ဆာဒိဋ္ဌိ မဂ်ဖိုလ်မှ ဖီလာဖြစ်သော အတတ်များကို ဆက်လက်ဟော တော်မူရာ မန္တန်များလည်း ပါဝင်လာချေသည်။ မန္တန်များမှာ.....

(၁) ဓိဟာနိဗန္ဓနံ- သူတစ်ပါးတို့ လျှာမလှုပ်နိုင်အောင် မန္တန်ဖြင့် ပြုလုပ်နည်း။

(၂) ဟနုသံဟနနံ- မေးခိုင်အောင် မန္တန်ဖြင့် ပြုလုပ်နည်း။

(၃) ဟတ္ထာဘိဇပ္ပနံ-လက်နောက်ပြန်နေအောင် မန္တန်စုတ်နည်း။

(ဖဝါး ခုနစ်လှမ်းအတွင်း၌ ထိုမန္တန်ဖြင့် မန်းမှုတ်သည်ရှိသော် တစ်ပါး သောသူသည် လက်နောက်ပြန် ဖြစ်၏။)

(၄) ကဏ္ဏဇပ္ပနံ- နားမကြားအောင် မန္တန်စုတ်နည်း။

ထို နားမကြားသော မန္တန်ကို စုတ်ပါက တရားဆိုင်ရာရုံးများ၌ အလိုရှိသောစကားကို ပြောသော်လည်း တရားတွေ့ဖက်သည် နားမကြားသဖြင့် စကားတုံ့ပြန်မပြောဘဲ နေလေ၏။ မေးခိုင်အောင်၊ လျှာခိုင်အောင် ပြုလုပ်နည်း တို့မှာလည်း ထို့အတူ ဖြစ်၏။

(၅) အဒ္ဒါသပဉ္ဟံ- မန္တန်ဖြင့် ခံတွင်းမှ မီးလျှံ လွှတ်ခြင်း။

(၆) ဘူရိကမ္မံ- မှော်ပညာ သင်သူထံမှရ၍ ပယောဂပြုသော မန္တန်။

(၇) ဝသကမ္မံ - နပုန်းပဏ္ဍုက်ကို ယောကျာ်းပြုသော မန္တန်။

(၈) ဝါသကမ္မံ - ယောကျာ်းကို နပုန်းပဏ္ဍုက်ပြုသော မန္တန် (သို့သော် ရုပ်ပြောင်းအောင် မလုပ်နိုင်။ စိတ်ဆန္ဒ ပြောင်းရုံမျှသာ တတ်နိုင်၏။)

(၉) ဝမနံ - မန္တန်ဖြင့် အန်စေခြင်း။

(၁၀) ဝိရေစနံ - မန္တန်ဖြင့် ဝမ်းလျှောအောင် လုပ်ခြင်း။

(၁၁) ဥဒ္ဓံဝိရေစနံ - အထက်သို့ အန်စေ၍ အပင်းထုတ်ခြင်း။

(၁၂) အဓောဝါရေစနံ - အောက်သို့ ဆင်းသော ဝမ်းလျှောစေသည့် နည်းဖြင့် အပင်းချခြင်း။

(၁၃) သာလာကိယံ - ဝါးခြမ်းစိတ်ဖြင့် ဆေးကုခြင်း။

(၁၄) သလ္လကတ္တိယံ - ဆူးငြောင့်ထွက်သော မန္တန်ဖြင့် ဆေးကုခြင်း။

(၁၅) ဒါရကတိကိစ္ဆာ -သူငယ်နာ ဆေး ကုခြင်း

mgyoe.com

(၁၆) သီသဝိရေစနံ - ဦးခေါင်းမှ အပင်းအနာ ထွက်စေခြင်း.....

တို့ဖြစ်ကြပေ၏။ ထိုမှတစ်ပါး မန္တန်ခန်းတွင် ပူးတွဲ ဖော်ပြထားသော မိစ္ဆာဇီဝအတတ်များ ရှိသေး၏။ ဤသည်တို့မှာ...

သိရိအဝှယနံ - ကျက်သရေခေါ်ခြင်း အတတ်။

သန္တိကမ္မံ - နတ်ကိုး၍ ကိုးသည့်အတိုင်း ပြုသောအတတ်

(နတ်စင်သို့ သွား၍ ကျွန်ုပ်အား ဤမည်သောအရာသည် ပြီးစီးသည် ဖြစ်အံ့၊ ဤသို့ ဆောင်ရွက်ပါမည် ကတိပေးခြင်း ဖြစ်သည်။)

ပဏိဓိကမ္မံ - အထက်ပါကတိအရ ဆောင်ရွက်ခြင်း။

ဝတ္ထုကမ္မံ - အိမ်ရာ မရှိသောနေရာ၌ အိမ်ဆောက်သောနည်း။

ဝတ္ထုပရိကမ္မံ - အုန်း၊ ငှက်ပျော၊ ဆေး၊ ကွမ်း၊ လက်ဖက်တို့ကို ယူခဲ့လော့ဆိုကာ အိမ်ရာမြေ၌ နတ်ပူဇော်သော နည်း။

အာစမနံ - ဆရာလုပ်သူက လူနာ၏ မျက်နှာကို ရေဆေးနည်း။

နှာပနံ - ဆရာဖြစ်သူက လူနာကို ရေချိုးသောနည်း။

ဇုဟနံ - ဆရာလုပ်သူက လူနာ၏ကိုယ်စား မီးပူဇော်နည်း။

ကဏ္ဏတေလံ - နားပင်းစေခြင်းငှာ လည်းကောင်း၊ နားအနာကို ထုတ်ပယ်ရန်သော် လည်းကောင်း ဆေးစိမ်၍ ဆီချက်နည်း။

နေတ္တပါနံ - မျက်စိပူသော ဆီချက်နည်း။

နတ္ထုကမ္မံ - ပယောဂနည်းဖြင့် နှာနှပ်နည်း။

အဉ္ဇနံ - မျက်လွှာနှစ်ထပ် သုံးထပ် ပယ်ရှားရန် စားသော မျက်စဉ်း စီရင်နည်း။

ပစ္စဉ္ဇနံ - ပူသောမျက်စိကို တစ်ဖန် အေးအောင် မျက်စဉ်း စီရင်နည်း။

မူလဘေသဇ္ဇံ - အမြစ်ဆေးတို့ဖြင့် စားဆေး၊ လိမ်းဆေး ပေးသောနည်း။

ဩသဓိနံ ပဋိမောက္ခော - အနာပျောက်သည်ရှိသော် ထိုဆေးတို့ကို ပယ်ရှားသုတ်သင် ကင်းစင်အောင်ပြုလုပ်နည်း..... ဟူသည်တို့ပေတည်း။

ဤသို့သဘောရှိသော နည်းတို့ဖြင့် မန္တန်စုတ်၍၊ မန်းမှုတ်၍၊ ပယောဂ ဆေးပေး၍၊ ဆေးကု၍ အသက်မွေးသော မိစ္ဆာဇီဝ အသက်မွေးခြင်းဖြင့် သူတော် သူမြတ်လုပ်သူ အချို့သည် အသက်မွေးခြင်းကို ပြုကြကုန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

"ရဟန်းဂေါတမသည် လည်းကောင်း၊ ရဟန်းဂေါတမ၏ တပည့် ရဟန်းများသည် လည်းကောင်း ဤသို့သော မန္တန်စုတ်ခြင်း၊ မန်းမှုတ်ခြင်း၊ ဆေးကုခြင်း၊ မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်တော်မူကြ၏ ဟူ၍ လည်းကောင်း။

ချစ်သားရဟန်းတို့… ပုထုဇဉ်သည် ငါဘုရား၏ ဂုဏ်ကို ဤမျှလောက်သာလျှင် ချီးမွမ်းနိုင်ရာ၏။ ထိုသို့ အားထုတ်လုံ့လပြုလျက် ချီးမွမ်းသော် ချီးမွမ်းရာ၏။ ထိုသို့ အားထုတ်၍ ချီးမွမ်းသော်လည်း အနည်းငယ်မျှသော ဤသီလကလေးကိုသာလျှင် ချီးမွမ်းနိုင်၏။ ထို့ထက် ပိုလွန်၍ အလွန်နက်နဲသော ငါဘုရား၏ ပညာကို မချီးမွမ်းနိုင်" ဟု မိန့်တော်မူကာ မဟာသီလကို နိဂုံးချုပ်တော်မူ၏။

*သီလဝဂ္ဂဇင်း၊ ၁၉၉၆၊ ဒီဇင်ဘာ*

□

mgyoe.com

mgyoe.com SAMPLE BOOK

## ဆင်ခြေများသည့် ပါယာသိမြို့စား

အယူမှားဖြင့် လူတစ်ယောက်

"အရှင်ဘုရား၊ တပည့်တော်ဟာ ဟောသည့်အကြောင်းကြောင့်လည်း တစ်ပါးသောလောက ဆိုတာ မရှိ၊ သေပြီးတော့ တစ်ဖန်ဖြစ်ပေါ်တဲ့ သတ္တဝါ မရှိ၊ ကောင်းမှုကံ၊ မကောင်းမှုကံတို့ရဲ့ အကျိုးဝိပါက် ဆိုတာလည်းမရှိ ဆိုတဲ့ အယူကို ယူပါတယ် ဘုရား"

သေတဗျမြို့၏ မြောက်တက်ရှိ ရင်းတိုက်တောသို့ နောက်ပါ သံဃာတော်များနှင့်အတူရောက်လာကာ သီတင်းသုံးနေတော်မူသော အရှင်ကုမာရကဿပမထေရ်အား ပါယာသိမြို့စားက ချဉ်းကပ်လျှောက်ထားခြင်း ဖြစ်၏။

မထေရ်မြတ်သည် မျက်လွှာပင့်လျက် ရှုစားတော်မူရင်း မိန့်တော်မူသည်။

"မြို့စား၊ ငါသည် ဤသို့ ဆိုလေ့ရှိသောသူ၊ ဤသို့ ယူလေ့ရှိသောသူကို မြင်လည်း မမြင်စဖူး၊ ကြားလည်း မကြားစဖူး"

ထိုသို့ မိန့်တော်မူပြီးမှ မထေရ်မြတ်က မေးတော်မူသည်။

"မြို့စား၊ ဤအကြောင်းကြောင့်လည်း တစ်ပါးသော လောကသည် မရှိ၊ သေ၍တစ်ဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်။ ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ ဟူ၍ အဘယ်ကြောင့် ဆိုသနည်း"

mgyoe.com

m gyoe SAMPLE BOOK

မထေရ်မြတ်သည် ထိုမှ တစ်ဆက်တည်း လနှင့် နေတို့ကို ဖော်ပြတော်မူပြီးနောက်–

"ဤအကြောင်းကြောင့်လည်း တစ်ပါးသော လောကသည် ရှိ၏။ သေ၍ တစ်ဖန်ဖြစ်ပေါ်သော သတ္တဝါတို့သည်ရှိကုန်၏။ ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏ ဟူ၍ မှတ်ပါလော့" ဟု မိန့်တော်မူ၏။

ပါယာသိမြို့စားကား အလွန်ခေါင်းမာသူ ဖြစ်ရကား ဤမျှ ဟောရုံဖြင့် မရပေ။ သို့ကြောင့် မထေရ်မြတ်က ဤအယူဆိုး ဖြစ်ပေါ်လာရခြင်း အကြောင်းကို စိစစ်တော်မူ၏။

ပါယာသိမြို့စား၏ ဆွေမျိုးများ၊ သင်္ဂဟများတွင် ဒုစရိုက်ဆယ်ပါးကို မပြတ် ကျူးလွန်သူများ ရှိ၏။ ထိုသူများအနက် တစ်ယောက်သောသူ နာဖျားမကျန်း ဖြစ်ရာ သည်တောင်မှ မကျော်နိုင်တော့သော အခြေအနေသို့ ဆိုက်ရောက်နေခဲ့၏။ ထိုအခါ ပါယာသိမြို့စားက ထိုသူအား တောင်းပန်၏။

"တချို့ ရသေ့ရဟန်းတွေက ဒုစရိုက်ဆယ်ပါး ကျူးလွန်သူတွေ သေရင် ငရဲကို ရောက်တယ်လို့ ဟောကြားကြတယ်။ အဲဒီစကားအရ မင်း ငရဲကို ရောက်ရင် ငါ့ဆီကို ခဏကလေးဖြစ်ဖြစ် လာပြီး သတင်းပေးပါကွာ"

"စိတ်ချ စိတ်ချ"ဟု ကတိပေးသွားငြား ထိုသူသည် ပေါ်မလာခဲ့ချေ။ ပါယာသိမြို့စားသည် နောက်ထပ် သေအံ့မူးမူး ဒုစရိုက်သမားများကိုလည်း အထက်နည်းအတိုင်း မှာကြားသေးသည်။ တစ်ယောက်မျှ ရောက်မလာပေ။ ဤသည်ကို ထောက်၍ 'တမလွန် မရှိ။ ကံ၊ ကံ၏ အကျိုးဝိပါက် မရှိ' အယူဆိုးကို ယူနေခြင်း ဖြစ်သည်။

ထိုအခါ မထေရ်မြတ်က ကွပ်မျက်ခံရအံ့မူးမူး ရာဇဝတ်သား ဥပမာဖြင့် ဆုံးမ၏။ ထိုရာဇဝတ်သားသည် 'ခေတ္တဆိုင်းကြပါဦး။ ဆွေမျိုးသင်္ဂဟများထံ သွားပါရစေဦး' ခွင့်တောင်းသော် မရသကဲ့သို့ ငရဲကျခံရမည့်သူကိုလည်း ပါယာသိမြို့စားထံသို့ သွားခွင့်ပေးမည် မဟုတ်။ ထို့ကြောင့် ငရဲရှိကြောင်း လာရောက် မပြောနိုင်။

ပါယာသိမြို့စား၏ အယူဆိုး ကပ်ငြိခြင်းမှာ ဤတစ်ချက်ဖြင့်ချည်း မဟုတ်ပေ။ နောက်တစ်ကြောင်းလည်း ရှိသေး၏။ ယင်းအချက်မှာ ဤသို့ ဖြစ်ပေသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ပါယာသိမြို့စား၏ ဆွေမျိုးသားချင်း မိတ်ဆွေများထဲတွင် ဒုစရိုက်ဆယ်ပါးကို လုံးဝ ရှောင်ကြဉ်သူများလည်း ရှိသည်။ ထိုသူများထဲမှ တစ်ယောက်ယောက် ကွယ်လွန်ခါနီးပါးတွင် ပါယာသိမြို့စားသည် မှာကြားပြန်၏။

"ရသေ့၊ ရဟန်းတချို့က သုစရိုက်ဆယ်ပါး ကျင့်သုံးသူတွေ သေရင် နတ်ပြည် ရောက်တယ်လို့ ဟောကြတယ်။ မင်း သေပြီးသွားရင် ဒီစကား မှန်၊ မမှန် ငါ့ဆီ လာပြီး ပြောလှည့်စမ်းပါ"

သုစရိုက်သမားများလည်း ပါယာသိမြို့စားထံသို့ ရောက်မလာကြချေ။ ထိုအချက်ကြောင့်လည်း ပါယာသိမြို့စား၏ အစွဲဆိုးသည် သက်ဆိုးရှည်နေခဲ့ခြင်း ဖြစ်ပေသည်။

ထိုအချက်ကိုမူ မထေရ်မြတ်သည် မစင်တွင်း၌ နစ်မြုပ်သူ ဥပမာနှင့် နတ်သက်၊ လူသက်ကို ညွှန်ပြဆုံးမတော်မူ၏။ မစင်တွင်း၌ ဦးခေါင်းပါ နစ်မြုပ်သူကို ဆယ်တင်ကြပြီး စင်ကြယ်အောင် ဆေးကြောသည်။ အမွှေးနံ့သာ လိမ်းကျံကာ ပြာသာဒ်ထက် တင်ပြီး အမွှန်အမြတ် ဝတ်စားတန်ဆာနှင့် အမွှန်အမြတ် စားဖွယ်များ ပေးထား၏။

ထိုသူသည် မစင်တွင်းသို့ ထပ်မံနစ်မြုပ်ရန် မလိုလားသကဲ့သို့ နတ်ပြည်ရောက်သူသည်လည်း ယူဇနာတစ်ရာကပင် နံစော်သော လူတို့ထံ လာလိုမည် မဟုတ်ပေ။ သို့ကြောင့် နတ်ပြည်သို့ ရောက်သွားသူတွေ ပါယာသိမြို့စားထံ ရောက်မလာခြင်း ဖြစ်သည်။

နောက်တစ်ကြောင်းမှာလည်း လူ့ပြည်၏ အနှစ်တစ်ရာသည် တာဝတိံသာနတ်တို့၏ တစ်နေ့နှင့် တစ်ည ဖြစ်၏။ တာဝတိံသာနတ်တို့၏ သက်တမ်းသည် တစ်ထောင် ဖြစ်၏။ ပါယာသိမြို့စား၏ အပေါင်းသဟာ တစ်ယောက်သည် နတ်ပြည်သို့ ရောက်သွားပြီးနောက် နတ်စည်းစိမ်ကို တစ်ရက်၊ နှစ်ရက် စံစားပြီးမှ ပါယာသိမြို့စားထံ သွားမည်ဟု စိတ်ကူး၏။ သို့သော် ထိုနတ်၏ တစ်ရက်၊ နှစ်ရက်မှာ ပါယာသိမြို့စား၏ သက်တမ်းထက် ကျော်လွန်နေပြီ။

ထိုနတ်သည် ကတိတည်စွာဖြင့် ပါယာသိမြို့စားထံ လာစေဦး၊ မြို့စား ရှိတော့မည် မဟုတ်။ သေနှင့်ပြီ။

ထိုသို့ ရှင်းပြသောအခါ ပါယာသိမြို့စားသည် မကျွတ်မလွတ် ရုံသာမက 'တာဝတိံသာနတ် ရှိတယ် ဆိုတာ အသက်ရှည်တယ် ဆိုတာ

mgyoe.com

အရှင်ဘုရားကို ဘယ်သူ ပြောသတုံး။ တပည့်တော် မယုံဘူး'ဟု ပြုံးတူးပြဲတဲ ပြောလေ၏။

သို့ကြောင့် မထေရ်မြတ်သည် ဝမ်းတွင်းကန်း ဥပမာဖြင့် ရှင်းလင်းဆုံးမပေ၏။ ဝမ်းတွင်းကန်း ဥပမာသည် မြို့စား ပြန်လှန်မချေပနိုင်အောင် စေ့စပ်၏။ ထိုအခါ ပါယာသိမြို့စားသည် အယူဆိုးကို စွန့်ပစ်သင့်၏။ သို့သော် မစွန့်ပစ်၊ ထိုသို့ မစွန့်ပစ်သည့် အကြောင်းရင်းကို မထေရ်မြတ်က စုံစမ်းတော်မူသောအခါ အကြောင်းအရင်းသစ်ဖြင့် စောဒကတက်လာပြန်သည်။

## အမွေတောင်းသော ပုဏ္ဏားငယ်

ပါယာသိမြို့စားသည် 'ဤအကြောင်းကြောင့်လည်း တစ်ပါးသော လောကသည် မရှိ။ သေ၍တစ်ဖန် ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်။ ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ ဟူသော အယူယုတ်ကို မစွန့်လွှတ်ခြင်းမှာ အောက်ပါ အကြောင်းကြောင့်ဟု အကြောင်းပြ၏။

မြို့စားသည် ရသေ့၊ ရဟန်းများစွာတို့ကို ဖူးမြင်ဖူးသည်။ ထိုအရှင်တို့သည် သီလရှိ၏။ ကောင်းသောအကျင့် ရှိ၏။ အသက်ရှည်လိုသည်။ ဆင်းရဲမှုကို စက်ဆုပ်၍ ချမ်းသာကို အလိုရှိသည်။

ထိုပုဂ္ဂိုလ်များသည် သေပြီးသည်၏ နောက်၌ ပို၍ မွန်မြတ်သော ဘုံဘဝသို့ ရောက်လိမ့်မည်ဟု သိငြားအံ့။ အဆိပ်စား၍ သေရာ၏၊ ကြိုးဆွဲချ၍ ဖြစ်စေ၊ ဓားလက်နက်ဖြင့် လုပ်ကြံ၍ဖြစ်စေ သတ်သေရာ၏၊ တောင်ကမ်းပါးပြတ်မှ ခုန်ချ၍သော်လည်း သေရာ၏။

သီလရှိသော ကောင်းသည့်အကျင့် ရှိသော ရသေ့ရဟန်းများ ကိုယ့်ကိုယ်ကိုယ် သတ်မသေခြင်းမှာ ငါတို့ သေခဲ့သော် ဤလောကထက် မွန်မြတ်သော ဘုံဘဝသို့ ရောက်လတ္တံ့ဟု မသိသောကြောင့်သာ ဖြစ်သည်။

ထိုအခါ အရှင်ကုမာရကဿပသည် ပါယာသိမြို့စားအား ကိုယ်ဝန်ဆောင် မိန်းမ ဥပမာဖြင့် ဟောဖော်ညွှန်ပြ ဆုံးမတော်မူ၏။

ရှေးသရောအခါက ပုဏ္ဏားတစ်ယောက်၌ မယားနှစ်ယောက် ရှိခဲ့သည်။ မယားနှစ်ယောက်အနက် တစ်ယောက်တွင် သား ရှိ၏။ အရွယ်ကား ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ် အရွယ်တည်း။ ကျန်မယားတစ်ယောက်တွင်မူ မွေးဖွားအံ့ဆဲဆဲ ကိုယ်ဝန်သာ ရှိလေသည်။

mgyoe.com

mgyoe.com

သို့ရာတွင် ကိုယ်ဝန်ရှင် ပုဏ္ဏေးမ မမွေးဖွားမီပင် ပုဏ္ဏား သေလေ၏။ ထိုအခါ ပုဏ္ဏားငယ်သည် အမိ၏ရန်သူ မိထွေးအား ဤသို့ အရေးဆို၏။

"အမိ၊ ကျုပ်အဖေ ထားရစ်ခဲ့တဲ့ ပစ္စည်းဥစ္စာတွေဟာ ကျုပ်ဥစ္စာတွေပဲ။ ဒါ့ကြောင့် အဲဒါတွေ ကျုပ်ကို အပ်ပါ"

မိထွေး ပုဏ္ဏေးမ၏ တုံ့ပြန်စကားမှာ ဤသို့ ဖြစ်၏။

"အမောင်၊ ငါ မီးဖွားသည်အထိ ဆိုင်းပါဦး။ တကယ်လို့ သားယောက်ျားကလေး မွေးဖွားရင် အမောင် ပြောတဲ့ ပစ္စည်းဥစ္စာတွေဟာ သူ့အတွက်လည်း တချို့တစ်ဝက် ဆိုင်တာပေါ့၊ တကယ်လို့ သတို့သမီး မွေးဖွားပါပြီတဲ့ အမောင်အတွက် အလုပ်အကျွေး မဖြစ်ပေဘူးလား"

သို့သော် ပုဏ္ဏားငယ် နားမဝင်။ အထက်စကားကိုသာ ဆိုသည်။ မိထွေးလည်း အထက်ပါစကားဖြင့်ပင် ဖျောင်းဖျသည်။ မရပါ။ ရှေးနည်းအတူ သုံးကြိမ်မြောက် စကားဖြင့် အမွေပေးရန် တောင်းပြန်သည်။ ပုဏ္ဏေးမလည်း အခန်းထဲသို့ ဝင်ကာ နေ့မစေ့သေးသော ကိုယ်ဝန်ကို ခွဲရာ မိခင်ရော ကလေးပါ သေလေ၏။

မြို့စား၊ ဤအတူသာလျှင် မိုက်သော၊ မလိမ္မာသော သင်သည် အဆင်ခြင် ကင်းမဲ့စွာ တစ်ပါးသော လောကကို ရှာသည် ဖြစ်၍ ပျက်စီးခြင်းသို့ ရောက်လတ္တံ့။ မြို့စား၊ မိုက်သော မလိမ္မာသော ထိုပုဏ္ဏေးမသည် အဆင်ခြင် ကင်းမဲ့စွာ အမွေအနှစ်ကို ရှာသည်ဖြစ်၍ ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ သီလရှိကုန်သော၊ ကောင်းသည့်အကျင့် ရှိကုန်သော သမဏ၊ ဗြာဟ္မဏတို့သည် မရင့်ကျက်သေးသည်ကို ရင့်ကျက်အောင် မပြုကုန်။ စင်စစ်သော်ကား ရင့်ကျက်သောအခါကို ဆိုင်းငံ့ကုန်၏။

မြို့စား၊ သီလရှိကုန်သော၊ ကောင်းသည့်အကျင့် ရှိကုန်သော ပညာရှိတို့သည် အသက်ရှင်နေခြင်းကို အလိုရှိအပ်သည်သာတည်း။ သီလရှိကုန်၊ ကောင်းသောအကျင့် ရှိကုန်သော သမဏ၊ ဗြာဟ္မဏတို့သည် အခွန့်ရှည်စွာ တည်နေသည့်အလျောက် များစွာသော ကုသိုလ်ကောင်းမှုကို တိုးပွားစေကုန်၏။ လူအများတို့၏ ပွားစီးခြင်းအလို့ငှာ လည်းကောင်း၊ ချမ်းသာခြင်းအလို့ငှာ လည်းကောင်း ကျင့်ကုန်၏။

သတ္တလောကသို့ သနားသောကြောင့် နတ်လူတို့၏ အကျိုးများခြင်း အလို့ငှာ၊ ပွားစီးခြင်း အလို့ငှာ၊ ချမ်းသာခြင်း အလို့ငှာကျင့်ကုန်၏။ မြို့စား၊

mgyoe.com

mgyoe.com SAMPLE BOOK

ဤအကြောင်းဖြင့်လည်း သင်၏အယူသည် ဤအကြောင်းကြောင့်လည်း တစ်ပါးသော လောကသည် ရှိ၏။ သေ၍တစ်ဖန် ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏။ ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် ရှိ၏ဟူ၍ ဖြစ်ပါလော့။

**ခရုသင်းမှုတ်သော ယောကျ်ားဥပမာ**

သို့တစေ ပါယာသိမြို့စားသည် သူ၏အယူကို မစွန့်။ သူသည် အိုးစရည်းထဲ၌ အသက်ပျောက်သွားသူ၏ ထွက်သွားသောအသက်ကို ကြည့်၍ မမြင်သောကြောင့် အယူဆိုးကို မစွန့်နိုင်ဟု ဆင်ခြေပေး၏။ ထိုအခါ မထေရ်မြတ်က အိပ်မက်ဥပမာဖြင့် ဆုံးမ၏။ ဆုံးမသော်ငြား ပါယာသိမြို့စားက ဆင်ခြေ ထပ်တက်၏။

သူသည် ရာဇဝတ်သားတစ်ယောက်အား မကွပ်မျက်မီ စဉ်းချိန်ခွင်ဖြင့် ချိန်စက်ထားသည်။ အသက်မရှိသောအခါ၌ ထပ်မံချိန်တွယ်ပြန်၏။ အသက်မရှိသော ကိုယ်က အသက်ရှိသော ကိုယ်ထက် လေးလံခက်မာသည်။ သို့ကြောင့် သူ့အယူကို စွန့်ရန် မလိုချေ။

ဤအချက်ကိုမူ မထေရ်မြတ်က သံတွေခဲ ဥပမာဖြင့် ဆုံးမတော်မူသည်။ မြို့စားကား အယူဆိုးကို ဖက်တွယ်မြဲ ဖက်တွယ်ထားသည်။ သူ ဖက်တွယ်ထားခြင်း၏ အကြောင်းရင်းကို ဖော်ပြသည်။

သူသည် ကွပ်မျက်ခံရမည့် ရာဇဝတ်သားကို ပက်လက်မှောက်ခုံ၊ တစောင်း၊ ဦးစောက်ပြောင်းပြန် စသည်ဖြင့် အနေအထားအမျိုးမျိုး ထားကာ မသေမချင်း နှိပ်စက်သည်။ နှိပ်စက်စဉ်တွင် အသက်ထွက်သည်ကို စောင့်ကြည့်၏။ ရာဇဝတ်သား သေသာသွားငြား အသက်ကိုကား မမြင်လိုက်ကြရပေ။

သို့အတွက် မထေရ်မြတ်သည် ဥပမာအသစ်ဖြင့် ဆုံးမတော်မူပြန်၏။

မြို့စား၊ ရှေး၌ ဖြစ်ဖူးသည်ကား ခရုသင်းမှုတ်သော ယောကျ်ား တစ်ယောက်သည် ခရုသင်းကို ယူ၍ တိုင်းစွန်ပြည်ဖျား ကျေးလက်တစ်ခုသို့ သွားလေ၏။ ထိုသူသည် ရွာတစ်ရွာသို့ ချဉ်းကပ်၍ ရွာ၏အလယ်၌ ရပ်လျက် ခရုသင်းကို သုံးကြိမ် မှုတ်ပြီးလျှင် ခရုသင်းကို မြေ၌ ချထား၍ သင့်လျော်သော နေရာ၌ ထိုင်၏။

မြို့စား၊ ထိုအခါ တိုင်းစွန်းပြည်ဖျား ကျေးလက်သားတို့အား 'အချင်းတို့၊ ဤတပ်မက်ဖွယ် ဖြစ်သော၊ ဤသို့ နှစ်သက်ဖွယ်ဖြစ်သော၊ ဤသို့ ယစ်မူးဖွယ်

mgyoe.com